# သခင့်စကား
The LORD's Word
မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေး လစဉ်စာစောင်

ငါ့စကားကို နားထောင်၍ ငါ့ကို စေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ ယော ၅း ၂၄

အမှတ်စဉ် (၁၁၁) နိုဝင်ဘာလ ၂၀၁၀ခုနှစ် ဓမ္မဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည်)



## လူနဲ့စိတ် *(ကဗျာ-မင်းအောင်သက်လွင်)*



တစ်ချို့က – စိတ်ထောင်းလို့ ကိုယ်ကျေ၊
တစ်ချို့ကျ – အိတ်ဖေါင်းလို့ ရှိသေ။
စိတ်လိုက်မာန်ပါရင် အရိပ်မိုက် ဟန်မာမယ်။
စိတ်ကူးပေါက်ရာ လုပ်တဲ့သူဟာ
အတိတ်တူးဖေါက်ကာ ယုတ်တဲ့သူ ဖြစ်မယ်။
စိတ်ကူးယဉ်တဲ့သူက အတိတ်ထူး မြင်တဲ့သူတဲ့။
လျှို့ဝှက်တဲ့ သူကျတော့ စိတ်နဲ့ပြစ်မှား၊ အရိပ်နဲ့ မြစ်တားတတ်တယ်။




ကျမ်းစကားထဲမှာက သန့်ရှင်းသောဝိညာဉ်တော်ကို
စိတ်နဲ့တောင် မပြစ်မှားနဲ့တဲ့။
တစ်ချို့က စိတ်ပူပန်ပြီး ၊ အတိတ် တယူသန်လို့
စိတ်ကယောင်ခြောက်ခြားနဲ့ စိတ်အမှောင် ဖောက်ပြားပြန်တယ်။
တစ်ချို့က – စိတ် အလိုလိုက်ကာ ၊ စိတ် မုန်ယိုပြီး တိုက်တယ်။
အကျင့်ယုတ် စိတ်ပုပ် သလို ၊ အသိရှုပ် စိတ်ယုတ်သူလဲရှိတယ်။
တစ်ချို့က – စိတ်ဆိုး စိတ်ညစ်နဲ့ စိတ်သိုး စိတ်ဖျင်းတွေဖြစ်နေတာမို့




စိတ် သံချေးတက်ကို အရောင်တင်၊ စိတ် အကျိုးအပျက်ကို ဖာထေးပြီး
လူရှေ့မှာတော့ ဟန်ဆောင် ၊ ဘုရားရှေ့ကျတော့ အဆန်ချောင်
ကျွန်တော်တို့ ရဲ့ စိတ်ကို ဘာတွေနဲ့ အရောင်ဆိုး ထားပြီးကြပြီလဲ။

---

## ယုံကြည်မှု *မလေး (ဂျူလိုင်)*



နံနက်တိုင်း“နေ”ထွက်မလာပေမယ့် ၊ “နေ” ရှိနေတာကို ယုံတယ်နော် ။
လမိုက်ညမှာ “လ” မထွက်ပေမယ့် ၊ “လ”ရှိနေတာကို ယုံတယ်နော် ။
ဒါဆိုရင် နေ, လ ကိုဖန်ဆင်းတဲ့ “အရှင်” ရှိတယ်ဆိုတာ ယုံဖို့တော့ ကောင်းတာပေါ့။
ဖန်ဆင်းတဲ့ အရှင်ကို ယုံရင် သုံးရက်မြောက်မှာ ရှင်ပြန်ထမြောက်မှုကို ယုံရမှာပေါ့။
ဒီလိုယုံကြည်ခြင်းရှိရင် ... စိတ်ချ –
သေခြင်းကင်းလွတ်ပြီး သာယာလှပတဲ့ ကောင်းကင်ပရဒိသုဘုံမှာ ခံစားရမယ်။

ယော ၁၁း၂၅။ ။ယေရှုကလည်း ငါသည်ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်းဖြစ်၏။ ငါ့ကိုယုံကြည်သောသူသည် သေလွန်သော်လည်း အသက်ရှင်လိမ့်မည်။ ငါ့ကိုယုံကြည်၍ အသက်ရှင်သောသူရှိသမျှတို့သည်လည်း သေခြင်းနှင့် အစဉ်မပြတ် ကင်းလွတ်ကြလိမ့်မည်။

---

## မကျူသောပေးဆပ်ခြင်း *(မင်းထွန်းသက်လွင်)* (ရောမ ၅း၈)



သမုဒ္ဒရာ ဝမ်းတထွာတဲ့ အစားအစာ ဥပက္ခာပြုတဲ့နေ့
ရက်လေးဆယ်မှာ အစာရှောင်ပြီး တောနက်ကြီးထဲ
သူလည်း ငါ့လို မွတ်သိပ်ဘူးတယ်။
ခန္ဓာပင်ပန်း မောပန်းခြင်းဝယ် အားအင်ချိနဲ့၊ တို့မောသလိုမျိုး
သစ်တိုင်ကြီးကို၊ ပခုံးတွင်ထမ်းပြီး မေ့မျောလုမတတ် သူထမ်းခဲ့ဘူးတယ်။
ကောင်မလေး တစ်ယောက်အတွက် ငါ့အသည်းတွေ ဖြန်းဖြန်းကွဲသလို
သူ့အသည်းလည်း ယုဒ လက်ချက်နဲ့ ဒဏ်ရာများစွာ ရခဲ့ဘူးတယ်။
ဒါပေမယ့် ......
ဖြစ်ပျက်တာခြင်း အတူတူ ခံစားတာခြင်းအတူတူ
ငါက တစ်စုံတစ်ယောက်အတွက် အသက်တွေ၊ အသည်းတွေ
သွေးတွေ၊ ချွေးတွေ မပေးဘူးပေမယ့် –
ငါ့အတွက်နဲ့ အသက်တွေ၊ အသည်းတွေ သွေးတွေ၊ ချွေးတွေ သူပေးခဲ့ဘူးတယ်။ ။

---

## လူနှစ်မျိုးနှစ်စား: Samuel Soe Lwin



ပြောမှသာ သိ ထိမှသာ နာ၊ ထိုသူတို့များ ဘယ်မကြီးပွား။
အလိုတော်သိ နာခံမရှိ ထိုသူတို့များ ဘယ်မကောင်းစား။
ကျောင်းကန်ဘုရားဝေး ။ အချိန်မပေး
ထိုသူ့ဝိညာဉ်ရေး ဘုရားမေတ္တာနှင့် တော်တော်ဝေး။
ကြားနာတရား လက်တွေ့ပွား
ထိုသူတို့များ တကယ်ကြီးပွား။
ယာဇ်မျိုးမရှိ နာခံသိက ထိုသူတို့များ အလွန်ကောင်းစား။
ဘုရားကျောင်းကန် ဆည်းကပ်မှန်သည်
ထိုသူ့ဝိညာဉ်ရေး ဘုရားမေတ္တာကြောင့် အစဉ်နွေး။ ။



---

## နားဆင်တော်မူပါ F Penny (mizo) ဆာလံ ၄၂း၁၁

မာရ်နတ်၏ အုပ်စိုးရာ လောက ကမ္ဘာမှာ သုခ၊ ဒုက္ခ ပျော်ရွှင် ကြေကွဲခြင်း
ယှဉ်ကာတွဲလို့ ဒုက္ခပင်လယ် ဝေခဲ့ရပြီ။
ကိုယ်တော်ရယ် မှောင်မိုက်လောက ဘယ်သို့ ရုန်းထွက်ဖို့ရန်မသိ
အားအင် ကုန်ခမ်း လက်မှိုင်ချလျှက် လောကကို အရှုံးပေးလိုက်ရင်ဖြင့် နာရ်နတ်၏
အောင်မြင်မှု ဖြစ်မှာ အမှန်မို့ အနိုင်မခံ အရှုံးမပေး ဘဝကို ကြံကြံ့ခံ၍
သခင်မှ ရရှိမဲ့ အလင်း ခွန်အား စောင့်မဆိုင်းနှင့်
ကိုယ်တော်ကိုအော်ဟစ်သံ နားဆင်ပေးတော်မူပါ ကိုယ်တော်ရယ်။

---

## ဟန်ဆောင်အသက်ရှင်ခြင်း ( ဖိုးလေး- အင်းစိန်)

အချင်းချင်း ချစ်ပါလို့ သခင်က ပြောခဲ့တယ်။ စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်ပါတဲ့။
အငယ်ဆုံးသောသူကို ပြုသမျှဟာ ငါ့ကိုပြုနေတာဘဲတဲ့။
ဘုရားရဲ့ပြောစကားကို လိုက်နာကာ သင် အသက်ရှင်နေပါသလား။
နှုတ်ကတော့ ချစ်တယ်ချစ်တယ် ပြောပြီး နှလုံးသားထဲမှာတော့
အပြင်ပန်းမှာ ထုံးဖြူတွေ သုတ်ထားတဲ့ အုတ်ဂူတစ်ခုလိုဘဲလား။
ဟန်ဆောင်အချစ်တွေ ချစ်ပြကြ၊ ဟန်ဆောင်အပြုံးတွေ ပြုံးပြကြ။
ဩော် - တို့ လူသားတွေရဲ့ ဒုက္ခ။ ဟန်ဆာင်ပြီး အသက်ရှင်နေကြပါလားနော်။

---

## သက်သေခံချက် *မကြီး*

ရှေ့ဦးစွာ ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မ ခံစားရတဲ့ ကျေးဇူးတော်တွေကို သက်သေခံဝေမျှချင်တယ်။ ကျွန်မအတွက် ဘုရားသခင် ဘယ်လို ပြင်ဆင်ပေးသလဲ ဆိုတာ လူရဲ့အကြံအစည်ဆိုရင် ဒီစင်္ကာပူကို ပြန်လည်ရောက်ရှိလာမှာ မဟုတ်ဘူး။ ဒါပေမယ့် ကျေးဇူးတော်ကြောင့် ဒုတိယအကြိမ် ၂၀၀၈ခုနှစ် ပြန်ပြီး အလုပ်လုပ်ခွင့် ရတယ်။ ကျွန်မအလုပ်က အိမ်အလုပ်ပါ။ အဖွားတစ်ယောက်ကို ကြည့်ရှုစောင့်ရှောက် ရတယ်။ ဦးနှောက်အသိတရားတွေ မရှိတော့ပါဘူး။ ဘာမှမသိတဲ့ ကလေးတွေလိုပဲ။ ကျွန်မ ရောက်ခါစ စိတ်ပျက်မိတယ်။ ဘာဖြစ်သလဲဆိုတော့ အန္တရာယ်ရှိမယ်လို့ ကျွန်မ ထင်တယ်။ အဖွားက ဝဝဖြိုးဖြိုး ကျွန်မက ပိန်ညှောင်ညှောင် သူ့ကို နိုင်မှာ မဟုတ်ဘူးလို့ စိတ်ထဲမှာတွေးတယ်။ လမ်းလျှောက်ရင် သူ့ကိုတွဲပြီး လျှောက်ရတယ်။ သုံးပါတ်မြောက်မှာ သူချော်လဲသွားတယ်။ ကျွန်မ ဆရာ ဆရာမနဲ့ သူ့သားလေး၊ သမီးကြီး ဘုရားကျောင်းသွားတယ်။ ကျန်ခဲ့တာ ပိန်ညှောင်တဲ့ သားလေးတစ်ယောက်။ အဖွားကို ကျွန်မ ဒရွတ်တိုက်ဆွဲပြီး ကုတင်ပေါ်ရောင်အောင် ဘယ်လိုလုပ်ရမလဲမသိ ဆုတောင်းတယ်။ သူ့ကို ကျွန်မ မတင်နိုင်ဘူး။ နှစ်ယောက်တောင်မှ ဆွဲထူလို့ မရဘူး။ ဆုတောင်းလိုက်တယ်၊ ဘုရားသခင် ကျွန်မကို ခွန်အားပေးပါ။ ဒီအဖွား အိပ်ယာပေါ် ရောက်အောင် သူက ကြောက်တယ်လို့ပဲ ပြောတတ်တယ်။ သူ့ဟာနဲ့သူ မထနိုင်ဘူး။ ကျွန်မ ပထမအကြိမ် မ မနိုင်ဘူး။ ဒုတိယအကြိမ် တတိယအကြိမ်မှ အိပ်ယာပေါ် ရောက်တယ်။ ကျွန်မ ပေါင်တစ်ခြမ်းလည်း မဲညိုနေတယ်။ ဘုရားရဲ့ ကျေးဇူးတော်ကြောင့် အိပ်ယာပေါ် ရောက်သွားတယ်။ ၃လမြောက်မှာ အဖွားက အဖျားကြီး ဖျားတယ်။ ၄က်ဖျားပါ ပါတယ်။ ဆေးရုံ ရောက်သွားတယ်။ ဆရာဝန်ကပြောတယ် အဖျား အရမ်းကြီးတယ် ဘယ်လိုမှ မလုပ်နိုင်တော့ဘူး မျက်ဖြူလန်တယ်။ တခုပဲရှိတယ် ရေဖတ်ဆွတ်ပေး နဖူးပေါ်ကို။ ကျွန်မနဲ့ သူ့သမီးတွေ ဆုတောင်းတယ်။ အဖျားက မကျဘူး မျက်ခွံတွေ လန်တစ်ချက် ကျတစ်ချက်နဲ့။ ကျွန်မ ငိုမိတယ်။ စိတ်လည်းပူတယ်။ အဲဒါနဲ့ ဆုတောင်းတယ်။ ညနေကျတော့ ကျွန်မ တစ်ယောက်တည်းစောင့်ကျန်ခဲ့တယ် တစ်ည

လုံး အဖျားက မကျဘူး။ ကျွန်မ အသက်ရှူသလို ဆုတောင်းတယ်။ မိုးလင်းခါနီး ၅နာရီလောက်မှ အဖျားနည်းနည်းကျသွားတယ်။ ကျေးဇူးတော်ကြောင့်၊ ဒါပေမယ့် လက်လွှတ်လို့ မရသေးဘူး တက်လိုက်ကျလိုက်နဲ့ ၃ရက်နေ့မြောက်မှ အဖျား နည်းနည်း ကျတယ်။ ဒါပေမယ့် အဆုံးအထိ မဟုတ်တော့ဘူး။ ကျေးဇူးတော်ကြောင့် ဆေးရုံကနေ ကောင်းမွန်စွာ ပြန်လာရတယ်၊ ကျွန်မသက်သေခံမယ်လို့စိတ်ကူးတယ်။ ဒါပေမယ့် ဘုရားကျောင်း ရောက်ရင် လူရှေ့ မတက်ရဲလို့ တစ်ခါပြီးတစ်ခါ ဘုရားသခင် ခွင့်လွှတ်ပါလို့။ နောက်တစ်ခါ ကျွန်မနဲ့အဖွား အိမ်သာထဲမှာ ချော်လဲတယ်၊ ခေါင်းမကွဲလို့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ပါ။ ဒီတစ်ခါ သူနဲ့ ကျွန်မပဲရှိတယ်။ အိမ်သာခွက် ထိုင်တဲ့နေရာ ရောက်အောင် ကျွန်မ ဆုတောင်းတယ်၊ သူ့ကိုကျွန်မ ဆွဲထူတယ်။ အိမ်သာခွက် ထိုင်တဲ့ နေရာကို ဘုရားသခင် ကျွန်မကို ခွန်အားပေးတာ ကျွန်မအံ့ဩသွားတယ်။ အဖွားရဲ့ သားနဲ့ ကျွန်မက သူ့ကို မတ်တပ်ရပ်အောင် မမတ်နိုင်ဘူး၊ တော်တော် အချိန်ယူရတယ်။ ကျွန်မ သူ့ကို ဆွဲထူနိုင်တာ ဘုရားရဲ့ကျေးဇူးတော်ကြောင့်ပဲ။ သက်သေခံမယ်လို့ စိတ်ထဲမှာတွေးတယ်၊ ဘုရားသခင်ကို ကျွန်မထပ်ပြီးလိမ်တယ်။ သက်သေမခံဖြစ်ဘူး။ ဒီနေ့ ၁၄.၇.၀၉ အဖွား ချော်လဲပြန်ရော။ အရင်တုန်းကဆိုရင် သူတို့မသိဘူး၊ ဒီတစ်ခါ သူ့မြေး ကောင်မလေး အိမ်မှာ ရှိတယ်။ ကျေးဇူးတော်ကြောင့် ခေါင်းမထိဘူး၊ ဘာမှမဖြစ်ဘူး။ ဘုရားသခင်ဟာ တကယ်ပဲ ကြီးမြတ်ပါတယ်။ ချော်လဲတာ၊ ခေါင်းကို အိပ်ယာနဲ့ သွားဆောင့်မိတာ တကယ် မထင်မှတ်ပဲ ဘုရားရဲ့ကျေးဇူးတော်တွေ ရေတွက်လို့ ကုန်မှာမဟုတ်ဘူး။ ကျွန်မ အသက်တာမှာ ၂၀၀၆ခုနှစ်မှာ ကျွန်မ ဘုရားကို ပြစ်တင်မိတယ်။ စိတ်ထဲမှာတွေးတယ်၊ သူများတွေ နေမကောင်းဘူး ဆေးကုတော့ ပြန်ကောင်းသွားတယ်။ ကျွန်မ အမေ တစ်ခါမှ ကြီးကြီး ကျယ်ကျယ် နေမကောင်းတာ မရှိဘူး ဒီတစ်ခါပဲ။ စိတ်ထဲမှာတွေးတယ် သူများတွေ နေမကောင်းဘူး ပြီးရင် ပြန်ကောင်းလာရတယ်။ ကျွန်မ အမေကျတော့ အဲဒီလို မရှိပဲ ဘုရားသခင် ခေါ်တော်မူခြင်း ခံရလို့ စိတ်တိုမိတယ်။ ဒါပေမယ့် ဘုရားသခင် ဟာ ကျွန်မကို ချစ်နေဆဲပဲ၊ ကျွန်မ ဆုတောင်းတယ် ဒီတစ်ခါ ကောင်းတဲ့ အိမ်ရှင်နဲ့ တွေ့ပါစေလို့။ ကျေးဇူးတော်ကြောင့် ယုံကြည်သူ မိသားစုအိမ်မှာ နေရတယ်။ အဆင် ပြေတဲ့အတွက် ကျေးဇူးတော် ချီးမွမ်းမိတယ်။ အရာရာအားလုံး ဘုရား မတတ်နိုင် တာမရှိပါ။ ။ မကြီး

---

## ဘုရားရှင်ပေးတဲ့ဆုလာဒ် ("မ" – ယုံကြည်သူ)

ကောင်းကင်ဘုံမှာရှိတဲ့ အဖဘုရားရဲ့ကျေးဇူးတော်ကို ရှေးဦးစွာ ချီးမွမ်းပါတယ်။ မ ရဲ့ စာမူလေး ၂၀၀၈ ဇူလိုင်လရဲ့ သခင့်စကားစာစောင်မှာ ပါလာတဲ့အတွက် ထပ်ပြီး စာမူလေးတွေရေးဖို့ ခွန်အားတွေရလာတယ်။ တကယ်ပါ…မ အခုဒုတိယ စာမူလေးက အောက်တိုဘာ ၁ရက်နေ့မှာ ကျရောက်သွားခဲ့တဲ့ children day (ကလေးများနေ့) အတွက် မ နဲ့အတူ စာဖတ်သူများအား ခွန်အားပေးလိုပါတယ်။ အထူးသဖြင့် နိုင်ငံရပ်ခြားမှာ ကိုယ်ချစ်တဲ့ သား/သမီးကို ခွဲပြီး မိဘမေတ္တာအပြည့်နဲ့ စင်္ကာပူမှာ အလုပ် လုပ်နေကြတဲ့ မိဘများကို မ နဲ့အတူ သေမျှခံစားစေလိုတဲ့ ဒီခွန်အားစာကို ရေးလိုပါတယ်။

မ စာဖတ်သူများအား မိတ်ဆက်လိုပါတယ်။ မ ဟာသား တစ်ယောက် အမေဖြစ်ပြီး single အမေလို့ ပြောချင်ပါတယ်။ သား 'ဖေ'နဲ့ သား (၇)လမှာ သဘောထားခြင်း မတိုက်ဆိုင်လို့ လမ်းခွဲလာခဲ့ကြတာ ခုဆိုရင် မ ရဲ့သားလေးဟာ (၄)နှစ်ရှိနေပါပြီ။ ဟိုး အရင် မြန်မာနိုင်ငံမှာတုန်းက ဘာမှမသိခဲ့ဘူးပေါ့ စင်္ကာပူရောက်မှပဲ စင်္ကာပူရဲ့ သတင်းစာမှာ အဖေများနေ့တို့၊ အမေများနေ့တို့၊ လူငယ်များနေ့တို့၊ အဘိုးအဘွား များနေ့တို့၊ ချစ်သူများနေ့တို့အပြင် ကလေးများနေ့ children day ဆိုပြီး နေ့လေး တွေကို သတ်မှတ်လို့ သူ့အကန့်နဲ့သူ၊ သူ့မိသားစုနဲ့သူ celebrate ပွဲလေးတွေ လုပ်ကြတယ်ဆိုတာ စာဖတ်သူများလည်း သိကြမှာပါလေ။

မ ဘုရားကျောင်းကို များသောအားဖြင့် အပတ်တိုင်း ရောက်ဖြစ်ပါတယ်။ မေ (၁၁)ရက် တုန်းက ကျင်းပတဲ့ အမေများနေ့မှာတုန်းက ရောက်ဖြစ်ခဲ့ပါတယ်။ အဲဒီမှာ ဘုရား သခင် ဖန်ဆင်းပေးထားတဲ့ သား သမီးလေးတွေဟာ သူတို့မှာရှိတဲ့ ဉာဏ် အစွမ်းအစနဲ့ အမေများ အားလုံးကို ဂုဏ်ပြုခဲ့ပါတယ်။ ဇွန် (၁၅)ရက်နေ့မှာ ကျရောက်တဲ့ အဖေများနေ့ တုန်းကလည်း သူတို့လေးတွေ အားတက်သရော အဖေများအာလုံကို ဂုဏ်ပြု ခဲ့ကြတယ်လေ။ မ စိတ်ထဲမှာ ဝမ်းသာပီတိတွေ ဖြစ်လိုက်တာ။ မ လည်း သားတစ်ယောက်အမေ ဖြစ်တဲ့အတွက် ကိုယ်ထိုင်နေတဲ့နေရာမှ အတွင်းရေးမှူးက အမေများ မတ်တပ်ရပ်ပါဆိုလို့ မတ်တပ်ရပ်ပြီး ကိုယ့်ကိုယ်ကို ဂုဏ်ယူမှုတွေနဲ့ပေါ့။ ငါဟာ သားတစ်ယောက် အမေ ဆိုပြီး ပီတိပေါင်းများစွာနဲ့ ကလေးတွေပေးတဲ့ present နဲ့ flower လေးကိုယူပြီး အိမ်ရောက်တဲ့အထိ ကြည်နူးမှုအပြည့်နဲ့ ဝမ်းသာမျက်ရည် ကျရတဲ့အထိပါပဲ။

မ အခုရေးချင်တာက Sunday ဘုရားကျောင်းမှာ ကလေးတွေရဲ့ အားမာန်အပြည့်နဲ့ ဘုရားသခင်အတွက် သီချင်းဆိုတာတွေ၊ ဘုရားအလုပ်ကို တက်တက်ကြွကြွ လုပ်တာတွေကို ကြည့်ပြီး ဒီချစ်စရာ ကလေးတွေဟာ နောင်တစ်ချိန်မှာ အရမ်းကို အားကိုးအားထားလောက်တဲ့ အရည်အချင်းရှိတဲ့သူလေးတွေဖြစ်မှာ အသေအချာပဲလေ။

၂၀၀၈ ဇွန်လရဲ့ သခင့်စကားမှာ ကိုမင်းအောင်သက်လွင်က smile ဆိုတဲ့ ကောင်မလေးရဲ့ အကြောင်းကို သက်သေခံထားတဲ့ စာမူထဲက "ဘွားမြင်သောသားသမီးတို့သည် ဘုရားသခင်ဆုချတော်မူသော အမွေဥစ္စာ ဖြစ်ကြ၏။" ဆိုတဲ့ ကျမ်းစကားနဲ့ အညီ ကလေးတွေဟာ ဘုရားရှင်ပေးတဲ့ ရတနာလေးတွေပါ။ ကလေးတွေ ဟာ ဘုရားရှင် ဖန်ဆင်းပေးထားတဲ့ သူရဲကောင်းလေးတွေပါ။ မ တို့အတွက် အဘိုး မဖြတ်နိုင်တဲ့ ဘုရားရှင်ပေးတဲ့ဆုလာဒ်ပါ။

ဘုရားကျောင်းမှာ ဘုရားအလုပ်ကို တက်တက်ကြွကြွ အလုပ်လုပ်ပြီး ခွန်အား ယူနေတဲ့ ကလေးတွေကို ကြည့်ပြီး ကလေးများစွာထဲက ကလေး တစ်ယောက်ဖြစ်တဲ့ မ ရဲ့သားလေးကို လွမ်းလိုက်တာ။ မ သားလေးဟာ မိခင်ဖြစ်တဲ့ မ နဲ့လည်းမနေရ၊ ဖခင် နဲ့လည်းမနေရပဲ အဘွားတွေ အဒေါ်တွေ လက်ထဲမှာ ကြီးပြင်းလာခဲ့ရတဲ့ သားလေးပါ။ မ ရင်ထဲမှာ သနားစိတ်တွေ အမြဲရှိခဲ့သလို ပိုပြီး မိဘမေတ္တာ အပြည့်နဲ့ ချစ်ခဲ့တာပါ။ မ ဘဝဟာ သားလေးပါ။ မ စင်္ကာပူမှာ အလုပ်လုပ်နေတာဟာ သားလေးအတွက်ပါ။ မ သားလေးရဲ့ အနာဂါတ်ကောင်းဖို့ပါ။

စင်္ကာပူမှာ ရောက်နေပြီး မ လို အလုပ်လုပ်နေတဲ့ မိဘများအားလုံးကို မ ခွန်အား ပေးလိုပါတယ်။ အောက်တိုဘာလ (၁)ရက်နေ့ဟာ ကလေးများနေ့ children day ပါ။ အဲဒီနေ့မှာ မိဘတွေက ကလေးတွေအတွက် celebrate ပွဲလေးတွေ လုပ်ပေးကြတယ်ပေါ့၊ သူတို့ အကြိုက်လေးတွေကိုလည်း မိဘများက အမှတ်တရ ဝယ်ပေးတတ်ကြတယ်။ မိဘများ အားလုံးလည်း ကိုယ်ချစ်တဲ့ ကိုယ့်ရဲ့သားသမီးများကို ဒီကလေးများနေ့မှာ ဂုဏ်ပြုပေးစေချင်ပါတယ်။ မ ကတော့ သားအတွက် ဒီအောက်တိုဘာ (၁)ရက် ကလေးများနေ့မှာ ဒီစာမူ လေးနဲ့အတူ သားကို သတိယမှုတွေ လွမ်းဆွတ်မှုတွေနဲ့ အတူ ဘုရားသခင်ပေးတဲ့ ခွန်အား တွေယူရင်း သားလေးလိုတဲ့ ကွက်လပ်လေးကို ဖြည့်ဆည်း ပေးနိုင်တဲ့ မိခင် ကောင်း တစ်ယောက် ဖြစ်အောင်ကြိုးစားရင်း အောက်တိုဘာ (၁)ရက်နေ့မှာ ကျရောက်ပြီးသွားတဲ့ ကလေးများနေ့ အမှတ်တရ (သို့) "အဝေး တစ်နေရာမှ သားလေးသို့ အမေ့ရဲ့ အမှတ်တရ"။ အယောက်စီတိုင်းကို ဘုရားသခင် ကောင်းကြီးပေးပါစေ။ ။ မ (ယုံကြည်သူ )

---



## ``လိုအပ်ချက်ကို အမြဲပြင်ဆင်ပေးသောဘုရား´´

ဘုရားသခင်ရဲ့ ကောင်းမြတ်ခြင်းကို ဝေငှသက်သေခံလိုပါတယ်။ ကျွန်တော်ဟာ မြန်မာပြည်မှာ နှစ်အတော်ကြာ ဘုရားအမှုဆောင်ခဲ့သူ တစ်ဦးဖြစ်ပြီး ဘုရားလမ်းဖွင့်ပေးလို့ ယခု စင်္ကာပူနိုင်ငံမှာ ဓမ္မပညာသင်ကြားခံယူရန် ကျမ်းစာကျောင်းတက်ရောက်နေသူတစ်ဦး ဖြစ်ပါတယ်။ ဇွန်လိုင်လကုန်မှာ စရောက်ပြီး မိတ်ဆွေဆရာတစ်ဦး(ဆရာစောအောင်နိုင်)ရဲ့ ကျေးဇူးပြုမှုကြောင့် သီးသန့်အခန်းနဲ့ နေထိုင်လာခဲ့ပါတယ်။ အများသိကြတဲ့အတိုင်း စင်္ကာပူမှာ နေထိုင်မှုစရိတ်(အိမ်ငှါးခ)အလွန်ဈေးများပါတယ်။ လူတိုင်းကိုယ်စီကိုယ်စီ ရုံးကန်နေကြတယ်ဆိုတာ အများသိဖြစ်တယ်။

ကျွန်တော့်မိတ်ဆွေက သူ့မိသားစုဆွေမျိုးတွေ စင်္ကာပူလာပြီး ကျွန်တော်နေတဲ့ အခန်းမှာ လာနေရန်ရှိကြောင်း၊ အိမ်ခန်းရှာထားရန် ကြိုပြောထားပါတယ်။ ဒါနဲ့(၂)လခန့် ဆုတောင်းပြီး အိမ်ခန်းရှာခဲ့ပါတယ်။ အိမ်ခန်းသီးသန့် ရဘို့ဆိုတာ မလွယ်လှပါ။ ငွေကြေးတတ်နိုင်ရင်တော့ သီးသန့်အိမ်ငှါးလိုက ငှါးနိုင်ပေမဲ့ ကျွန်တော့်တစ်ယောက်နဲ့ တစ်ခန်းလုံး ငှါးဘို့ဆိုတာ လုံးဝမလွယ်ကူကြောင်း၊ တစ်ခန်းထဲမှာ နှစ်ဦး၊ ဒါမှမဟုတ် သုံးဦးမျှနေရမယ်လို့ စုံစမ်းသိရှိရပါတယ်။ ဒါနဲ့ ဆုတောင်းချက်တင်ပြီး မိမိကိုယ်တိုင်နဲ့ သူတပါးတို့က အိမ်ခန်းရဘို့ အဆင်ပြေဘို့ ဆုတောင်းကြပါတယ်။ မိတ်ဆွေဆရာအိမ်မှာ (၃)လခန့် နေထိုင်ခဲ့ပြီး ယခု ကျေးဇူးတော်ကြောင့် ကိုးရီးယားမိတ်ဆွေ(ကျမ်းစာကျောင်းသား)နေတဲ့ အိမ်မှာ ဈေးသက်သက် သာသာ(တစ်ခန်းလုံး Aircon ပါ ထမင်းကိုယ်တိုင်ချက်စားနိုင်၊ တလ $300 နှုန်း)နဲ့နေရလို့ ဘုရားကျေးဇူးတော်ကို အထူးချီးမွမ်းပြီး သက်သေခံခြင်း ဖြစ်ပါတယ်။ ဘုရားသခင်ဟာ အချိန်နဲ့အလုပ်လုပ်ပြီး ဘုရားရဲ့သားသမီးများရဲ့ လိုအပ်ချက်တွေကို နောက်မကျပဲ အမြဲပြင်ဆင်ပေးလျက်ရှိကြောင်း၊ ဒါကြောင့် ဘုရားကိုသာ အားကိုးပြီး အသက်ရှင်ကြရန် မေတ္တာနဲ့ ဝေမျှသက်သေခံလိုက်ပါတယ်။ ကျွန်တော် ယခုနေရတဲ့ နေရာဟာ Bukit Panjang မှာ ဖြစ်ပါတယ်။ ဆရာစောစံအောင် (ခေတ္တ စင်္ကာပူ)

---

## ချစ်သူငယ်ချင်းမွန်လေးသို့ Baby

၂၀၀၇ ခုရဲ့ နှစ်ဦးပိုင်းကစပြီး သူငယ်ချင်းနဲ့ တို့စတင်သိကျွမ်းခဲ့ကြတယ်နော်။ (၂၁.၀၃.၀၇ အင်္ဂါနေ့) မှာ ရင်းနှီးမှုတွေ ပိုတိုးလာခဲ့တယ်။ သံယောဇဉ်ရဲ့ အစလို့ ဆိုပါ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၁ နိုဝင်ဘာလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

တော့။ သူ့အကြောင်း ကိုယ့်အကြောင်း ဖုန်းထဲမှာ ဖလှယ်ကြရင်း ကြည်နူးခဲ့ကြတယ်၊ ပျော်ရွှင် ခဲ့ကြတယ်။ အဲဒီနေ့ဆိုရင် အချစ်မိုးကြီးကလည်း အကြင်နာတွေပေးလို့ မမေ့နိုင်တဲ့ နေ့တစ်နေ့ဖြစ်ခဲ့တယ်နော်။ ဒီလိုကစပြီး ရင်းနှီးခဲ့ကြရင်းနဲ့ပဲ တစ်ခုသော (၁၅.၁၀.၀၉ တနင်္ဂနွေနေ့) မှာ မမျှော်လင့်ပဲ လမ်းခွဲဖို့အကြောင်းဖြစ်လာခဲ့ရတယ်။ ဝမ်းသာပါတယ် သူငယ်ချင်း။ သူငယ်ချင်းရဲ့ဆုံးဖြတ်ချက်ဟာ မှန်ကန်ပါတယ်။ အားလုံးအပေါ်မှာ တာဝန်သိတတ်လွန်း တဲ့ သူငယ်ချင်းကို ဘုရားသခင် အစဉ်အမြဲကောင်းကြီးပေးမှာပါ။ ခုဒီလောကမှာ တို့တတွေအနေနီးပေမယ့် ဝေးကွာခဲ့ကြရလည်း နောင်တမလွန်မှာ စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာနဲ့အတူ သခင့်ရဲ့ရင်ခွင်မှာ ပြန်လည်ဆုံတွေ့ကြမယ်နော်။ သူငယ်ချင်းဟာ တို့အတွက်ထာဝရ မိတ်ဆွေကောင်းပါ။ တို့အပေါ်မှာ အမြဲတမ်း နားလည်ပေးတတ်တဲ့ သူငယ်ချင်းကို တို့ချစ်တဲ့ ဘုရားသခင်ကလည်း အမြဲထာဝရ ချစ်နေတယ်ဆိုတာ သူငယ်ချင်း အမြဲတမ်း သတိရပေးပါနော်။ သူငယ်ချင်းအတွက် ကျမ်းပိုဒ်လေးနှစ်ပိုဒ်ကို လက်ဆောင် ပေးလိုက်မယ်နော်။

(၁) ထာဝရဘုရားမိန့်တော်မူသည်ကား၊ အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကို ငါချစ်၏။ ထို့ကြောင့် ဂရုဏာကျေးဇူးကို သင်၌ကြာမြင့်စွာပြ၏။ (ယေရမိ ၃၁း၃)

(၂) ထာဝရဘုရား၌ အစဉ်အမြဲခိုလှုံကြလော့။ ထာဝရဘုရားသည် နိစ္စထာဝရ ခိုလှုံရာဖြစ်တော်မူ၏။ (ဟေရှာယ ၂၆း၄)

ဒီကျမ်းပိုဒ်လေး နှစ်ပိုဒ်အားဖြင့် သူငယ်ချင်း ခွန်အားတွေရလိမ့်မယ်လို့ ယုံကြည်ပါတယ်။ သူငယ်ချင်းရဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရှေ့ဆက်ပြီး ရဲရဲ လျှောက်လှမ်းပါ။ စာတန်ရဲ့ စုံစမ်းခြင်း မှန်သမျှကို တွန်းလှန်နိုင်ပါစေ။ သူငယ်ချင်း တို့တွေအားလုံးဟာ လောကရဲ့ ဧည့်သည်တွေပါ။ ဒါကြောင့် ဒီလောကကြီးမှာရှိနေစဉ် အချိန်အတွင်း ပျော်ရွှင်စွာနဲ့ လောကကြီးရဲ့ အချိန်တွေကို ကုန်ဆုံးသွားစေချင်တယ်။ ပျော်ရွှင်ခြင်းဆိုတာ စာတန်ပေးတဲ့ ပျော်ရွှင်မှုမဟုတ်ပဲ ဘုရားပေးတဲ့ပျော်ရွှင်ခြင်း ဆိုတာကို သူငယ်ချင်း ခွဲခြားသိစေချင် တယ်။ ဝေးကွာခဲ့ရသော်ငြားလည်း သူငယ်ချင်းကို ရင်ထဲက ထာဝရ မေတ္တာစစ်နဲ့ အမြဲ ချစ်နေမယ်ဆိုတာ ယုံပါနော်။ သူငယ်ချင်းအပေါ် မပြောင်းလဲတဲ့ ဘုရားရဲ့ ချစ်ခြင်း မေတ္တာနဲ့အတူ – **Baby** (၂၁.၀၃.၀၇ မှ ၂၅.၁၀.၀၉ သို့) အမှတ်တရ

---

## ကလေးအတွေး (အမည်မဖော်ပြသူတစ်ဦး)

*(၁ကော ၁၃း၁၀) ငါသည် သူငယ်ဖြစ်စဉ်အခါ သူငယ်လိုစကားပြော၏။ သူငယ်လိုစိတ်ထင်၏။ သူငယ်လိုကြံစည်၏။*

အထက်ပါ ကျမ်းပိုဒ်ကလေးကို ဖတ်မိတဲ့အချိန်မှာ ကျွန်မ၏တူ တူမလေး နှစ်ယောက် ဆုံမိတဲ့အချိန်မှာ သူတို့လေးတွေရဲ့ အပြုအမူ အပြောအဆိုလေးတွေကို သတိတရ အတွေးနဲ့ ပြန်ပေါ်လာပါတယ်။ ခုချိန်မှာတော့ ဝမ်းကွဲမောင်နှမတစ်စု ကိုယ်စီကိုယ်စီ အလုပ်အကိုင်တွေနဲ့ အတောင်အလက်စုံလို့ အိမ်ထောင်ကျသူတွေ ကျလို့ လူတလုံး သူတလုံး ဖြစ်နေကြပါပြီ။ ငယ်ငယ်ကလေးဘဝက ကလေးအတွေးနဲ့တွေးပြီး ကလေးပြော ပြောခဲ့တာတွေကို ပြန်တွေးမိကြရင် သူတို့လေးတွေ ပြုံးပဲပြုံးနေကြမလား၊ ဝါးလုံးကွဲပဲ ရယ်နေကြမလားမသိ။ အဲဒီကလေးအတွေး ကလေးအပြောလေးတွေကို နှုတ်ကပါတ်တော်နဲ့ ချိန်ထိုးပြီး ခွန်အားယူနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။

**ကလေးအတွေး (၁) "ကုန်ရင်ပြီးရော–"**

ကျွန်မ၏ မိခင်ကြီးမှာ ကျွန်မတို့မောင်နှမ နှစ်ယောက်မှ ပေါက်ဖွားလာတဲ့ မြေး ကိုးယောက်ရှိပါတယ်။ ကျွန်မတို့မောင်နှမ အားလုံးက ရုံးဝန်ထမ်းတွေဆိုတော့ နွေရာသီကျောင်းပိတ်ရက်နဲ့ ဒီဇင်ဘာကျောင်းပိတ်ရက်ရှည်တွေမှာ ကိုယ့်ကလေးတွေကို အသီးသီး အမေ့အိမ်ပို့ထားလိုက်ပါတယ်။ မနက်ရုံးတက်ဝင်ပို့ပြီး ညနေရုံးဆင်းမှ ဝင်ခေါ်ကြ ပါတယ်။ ကလေးတွေကလည်း အဲဒီအချိန်ဆို မောင်နှတွေစုမိလို့ပျော်မှပျော်၊ အဖွားကလည်း မြေးတစ်အုပ်နဲ့ ပျော်မှပျော်ပါပဲ။ စိတ်ညစ်တဲ့သူကတော့ အမေနဲ့အတူနေတဲ့ ကျောင်းဆရာမ သမီးရယ်၊ အမေ့ကိုကူညီဖို့ လာနေတဲ့ တူမလေး မအေးတို့ပါပဲ။ ဒီကလေးတစ်အုပ် ထိန်းရတာ လွယ်တာမှတ်လို့။

တနေ့ အစ်မကြီးက သူ့သမီးနှစ်ယောက် (လား+ဝါး) ကိုဝင်ပို့ရင်း အမေစားဖို့ လိမ္မော်သီးတွေ ဝယ်လာပါတယ်။ အဲဒီလိမ္မော်သီးတွေကို တူမလေး မအေးက မီးဖိုချောင်မှာ သိမ်းထားပေးပါတယ်။ အိမ်မှာ ကုန်စုံဆိုင်ဖွင့်ထားတဲ့ အမေက ဆိုင်မှာ ဈေးဝယ်သူနဲ့ စကားပြောနေပါတယ်။ လိမ္မော်သီးပါလာမှန်းသိတော့ 'ဝါး'က လိမ္မော်သီးစားချင်လို့ အဖွားနားကပ်ပြီးပူဆာပါတယ်။ အဖွားကလည်း ဈေးဝယ်သူရှိနေတော့ ကောင်းပြီ မအေးကို ပြောပြီး တစ်လုံးယူစား လို့ပြောလိုက်ပါတယ်။ 'ဝါး' စားတာမြင်တော့ 'လား'ကလည်း စားချင်ပြန်ရော။ ဒီတော့အဖွားကို သွားတောင်းစားတာပေါ့။ အဖွားကလည်း 'ဝါး'ကိုပြောသလိုပဲ ပြောလိုက်တယ်။ မအေးဆီမှာ တစ်လုံးတောင်းစား ပါလို့ပေါ့။ 'ဝါး'နဲ့'လား'စားတာမြင်တော့ 'တိုး'ကလည်း စားချင်ပြန်ရော ဒီတော့ အဖွားကို သွားတောင်းပြန်ရော။ အဲဒီအချိန်မှာ ဝါးနဲ့လားက လိမ္မော်သီး တစ်ယောက် တစ်လုံးစီ ကုန်သွားပြီး ထပ်စားချင်သေးတော့ အဖွားကိုပူဆာဖို့ ဆိုင်ခန်းကို ချီတက်သွားပါတယ်။ သူတို့ကိုမြင်တော့ ကျန်မြေးတွေကလည်း အားကျမခံ အဖွားကို အရေးဆိုဖို့ ချီတက်သွားပြန်ရော။ ဈေးဝယ်သူကလည်း ရှိနေပြန်၊ မြေးတွေကလည်း တစ်ယောက်ပြီးတစ်ယောက်ဆိုတော့ အဖွားလည်း စိတ်တိုလာပြီ အဲဒီတော့ ရွဲ့ပြောလိုက်ပါတယ်။ "အေး၊ ယူစားကြ ကုန်ရင်ပြီးရော၊ ကုန်ရင်အေးရောပေါ့တဲ့။" အဲဒီမှာ မြေးတစ်အုပ် ပျော်လွန်းလို့ "ဟေး" လို့အော်လိုက်ကြပြီး မီးဖိုချောင်ထဲ ကဆုန်ပေါက် ပြေးသွားကြပြီး လိမ္မော်သီးအားလုံး အလုအယက်ယူစားကြတော့တာပေါ့။ မအေးလည်း မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ တားတော့ အားလုံးက ပြိုင်တူ ပြန်ပြောကြတာက အဖွားကခွင့်ပြုတယ် ကုန်ရင်ပြီးရော တဲ့၊ ကုန်ရင် အေးရော တဲ့ ဒါကြောင့် သားတို့ သမီးတို့ စားကြတာလို့ ပြန်ပြောပြီး ကစားဖို့ ဆင်းပြေးကြပါတယ်။ ဈေးဝယ်သူ ရှင်းသွားလို့ အဖွားက မီးဖိုချောင်ဝင်လာပြီး ငါ့သမီးကြီးပေးခဲ့တဲ့ လိမ္မော်သီး ပေးပါဦး ဆိုတော့ မအေးက ဖြစ်ကြောင်းကုန်စင် ပြောပြရတော့တာပေါ့။ အဲဒီမှာ အဖွားက ငိုအားထက်ရယ်အားသန် ပြန်ပြောလိုက်တာကတော့ ဒါကြောင့် သခင် ခရစ်တော်က ပြောတာ ကလေးကဲ့သို့ မခံယူရင် ကောင်းကင်နိုင်ငံတော် မဝင်ရဘူးတဲ့။ ငါက စိတ်တိုလာလို့ ရွဲ့ပြောတာ သူတို့က ကလေးတွေဆိုတော့ ရွဲ့လို့ရွဲ့မှန်း ဘယ် သိပ့်မလဲ။ ရိုးရိုးလေး တွေးပြီး ရိုးရိုးလေး ခံယူသွားကြတာ သူတို့အပြစ်မဟုတ်ပါဘူးတဲ့။

လုကာ ၁၈း၁၇။ ငါအမှန် အကန်ဆိုသည်ကား အကြင်သူသည် ဘုရားသခင်၏ နိုင်ငံတော်ကို သူငယ်ကဲ့သို့ မခံမယူ ထိုသူသည်နိုင်ငံတော်သို့ မဝင်ရ။

ဒါကြောင့် အိမ်ထောင်ကျသွားပြီ ဖြစ်ကြတဲ့ တူနဲ့ တူမလေးတွေကိုလည်း ကိုယ့် ကလေးတွေကျရင် သူတို့လေးတွေ နားလည်သဘောပေါက်မယ့် စကားလုံး လေးတွေနဲ့ ဆုံးမသွန်သင်ပါ။ နှုတ်ကပါတ်တော်နဲ့အညီ တိတိကျကျ သွန်သင် အားပေးပါလို့ ပြောချင်ပါတယ်။ ကလေးဆိုတာ ရွဲ့လို့ရွဲ့မှန်း မသိဘူး မဟုတ်လား။

တူ၊ တူမ အိမ်ထောင် အသီးသီး ဘုရားရှင်ကောင်းကြီးပေးပါစေ။

---

## လယ်ဒီနှင့် ကျေးဇူးတော် (သို့) လယ်ဒီနှင့် ဘဝလှေကားထစ်လေးများ

ဇန္နဝါရီ ၁၇ရက်တွင် ၃၃နှစ်မြောက် မွေးနေ့ အကြိုကျေးဇူးတော် ချီးမွမ်းခြင်းနှင့် စက်ာပူရောက် ၃နှစ်ပြည့် အမှတ်တရ ကျေးဇူးတော် ။ မဿဲ ၇း၃၄/ ၇း၇

မင်္ဂလာရှိသော နှစ်ပါ။ သခင့်စာစောင် ချစ်သူအပေါင်းတို့။ ကုန်ဆုံး သွားခဲ့ တဲ့ နေ့စွဲတွေအတွက် ပူဆွေးသောကများချန်ရစ်ကာ မကြာခင် ကျရောက်တော့မဲ့ ၂၀၁၁ရဲ့ နှစ်ကို ဝမ်းမြောက် ခြင်းနဲ့သာ ကြိုဆိုရင်း သခင့်ရဲ့ခြေရင်းမှာ စာရေးသူနှင့် စာဖတ် သူရဲ့ အနာဂါတ်ကို အပ်နှံလျက် ဗိညာဉ်တော် တည်ဆောက်ဖို့ သဲတစ်ပွင့် အဖြစ် ခံယူကြပါစို့။ စာဖတ်သူ အပေါင်းတို့ မိမိလျှောက်လှမ်းခဲ့တဲ့ ခြေလှမ်းတိုင်းဟာ ပုံမှန် မဟုတ်လို့ ဝမ်းမနည်းပါနဲ့ စာရေးသူရဲ့ ခြေလှမ်းကလေးကို ခံစားကြည့်ပါ။ ဘဝရဲ့ အနှစ် ဆိုတာကို ဤ ကဗျာလေးအားဖြင့် ဖော်ပြလိုပါ၏။

**ရောင့်ရဲခြင်း**

လူနေကျဲပါး မထင်ပေါ်ရွာဝယ် နုံချာဘဝနဲ့ ငါနေလာတယ်
ထိုထက်မက အဖေကလည်း ငါလိုလူမှ မငဲ့ကွက်ပဲ
အဝေးသို့ ပုန်းရှောင်ထွက်ပြေးသော် မုဆိုးမရင်သွေး ဘဝပေး
ဒီအချိန်မှာပင် ငါရရှိ တစ်နှစ်ခွဲမှာ စခဲ့တာ လောကအကြောင်းကိုမသိရှာ။
အရွယ်ရောက်လာခံစားတာ ဖခင်မေတ္တာဘယ်နားမှာ
ငါ မသိခဲ့ မရှိခဲ့။ မောင်နှမများနှင့် စုံစွာစုဝေး
ပျော်ချင်ခဲ့လည်း ခွင့်မပေး အမေကဖြင့် ခရီးဆင့်
သားသမီး ဝမ်းရေးနှင့်။ တော်မွတ် မေတ္တာစီးဆင်းရာ
ချောင်းမှာ လွင့်မျောပါ ကြုံရာကမ်းဘေး သောင်ထင်လေ့
ဒါဟာငါ့အတွက် မေတ္တာအရိပ် ခိုကာနားရင်းဝမ်းမြောက်ရင်း
ဘဝခရီးကျော်ဖြတ်ရင်း။ ဘုရားပေးတဲ့ ဆုထဲမှာ
အဲဒါတွေလည်းပါ စကားပုံစကား ငါကြားရ ရောင့်ရဲရမယ်ဗျ။
ရောက်တဲ့အရပ်မှာ ပျော်အောင်နေ
ဒါဟာငါ့အတွက် အဖေါ်မွန်ပေ ဒါတွေကိုလေ ဆန်းစစ်ပြန်တော့
အဖြေမှန်ကိုလေသိရှိပြီပေါ့။ အရာအရာ အားလုံးဟာ
သူ့ရဲ့အစီအမံကြောင့်သာ ထို့ကြောင့် ငါသည် ဝမ်းမနည်းပြီ
ကျေးဇူးချီးမွမ်းမည်။ ဟာလေလုယာ ပရေ့စ်သလော့ ရောင့်ရဲခြင်းအတွက်ပေါ့။



တကယ်တော့ စာရေးသူဘဝဟာ စာဖတ်သူရဲ့ဘဝနဲ့ယှဉ်ကြည့်ပါလျှင် ၁% လောက်သာရှိပေလိမ့်မည်။ သို့သော်စာရေးသူ မိမိ၏ဘဝကို အမှန်တကယ် ရောင့်ရဲလျက် ဘုရားရှင်အား အထူးပင် ကျေးဇူးတင်မိပါသည်။ အဘယ်ကြောင့်ဆိုသော် (က)မှ

စ၍ ဘဝရဲ့အခြေခံကို ခံစားရခွင့်နှင့်အတူ ၎င်းခရီးကိုဆက်နိုင်ရန် အားများ ထည့်သွင်းပေးခြင်း ကြောင့်ပါ။ စာရေးသူ နတ် မဝင်ခင်တုန်းက စိတ်ကူးဖူးသောအရာလေး ပြောပြပါ ရစေ။ တစ်နေ့ စာရေးသူ သူငယ်ချင်းက စာရေးသူအား မင်းအဖေ ဘယ်မှာရှိသလဲဟု မေးရာ ကျွန်ုပ်၏မိခင်ကိုမေးပါရစေဟုပြော၍ မိခင်အားမေးသော် စာရေးသူ၏ မိခင်သည် အထက်ကောင်းကင်သို့လက်ညှိုးထိုးပြပါသည်။ ထိုစဉ် ဝေဟင်မှ လေယာဉ်တစ်စင်း ပျံသန်း သောကြောင့် စာရေးသူ၏စိတ်ထဲ၌ ဖခင် လေယာဉ် စီးနေသည်ဟု ယူဆလိုက် ပါသည်။ နောက်တစ်နေ့တော့ ထိုသူငယ်ချင်းအား ငါ့အဖေ လေယာဉ်စီးနေတယ်၊ ငါလည်းတစ်နေ့ လေယာဉ်စီးရလိမ့်မယ်ဟု ပြောပြကာ သူငယ်ချင်းကလည်း ကလေး ပီပီ ယုံပါသည်။ တကယ်တော့ ထိုအချိန်စာရေးသူနေခဲ့ရသောအိမ်သည် ဝါးအိမ်ဖြစ်လျက် လေယာဉ်မဆိုထားနှင့် မော်တော်ကားကိုတောင် အနီးကပ် မမြင်ဖူးသေးသောသူပါ။ သို့သော်ဘုရားရှင် စာရေးသူ၏ ဆန္ဒကို မှတ်တမ်းတင်ထားပါသည်။ စာရေးသူ အရွယ်ကလေး ရောက်လာတော့ အဆင့်ကလေးတစ်ထစ် တိုးလာကာ ကားစီးခွင့် ရသကဲ့သို့ မြို့ပေါ်မှာ စာသင်ခွင့် ရလာပါသည်။ သို့သော် မပြည့်စုံသော မိဘနှင့်အတူ အစစ အရာရာ ချို့ယွင်းချက်ကြောင့် စာရေးသူလောကပညာကို မြင့်မားခြင်းမှ ကင်းကွာ ခဲ့ရပါသည်။ ဘဝတစ်ခုတည်ဆောက်ရန် အလုပ်ကသာ အဓိက ကျပါသည်။ စာရေးသူ ကျပန်း မျိုးစုံလုပ်ကိုင်လျက် ဘဝတစ်ခုအားခရီးသွားစဉ် (မြေကြီးသားရဲ့ အထက် တန်းလွှာ) သားတစ်ဦးက စာရေးသူအား မင်းဘယ်တော့မှ လူဖြစ်မှာမဟုတ်ဟု ဝေဖန် ကာ စာရေးသူ၏သိက္ခာကို တစ်ပြားမှ မတန်အောင် ရှုံ့ချပါသည်။ စာရေးသူအား မင်းမိခင် ကို ဘယ်လိုကျွေးမွေးမှာလဲဟု ဖိအားပေးကာ စာရေးသူ ရင်ထဲမှာ နာကျင်မှုများ ပိုက်ကာ ငါတစ်နေ့ လူတစ်လုံး ဖြစ်အောင် ကြိုးစားမည်။ ငါ့မိခင်အား မင်းတို့ ပြောသည် ထက် မေတ္တာပြုရမည်ဟုကြိမ်းလျက် ထိုစဉ် အိုအဖဘုရား ကျွန်ုပ်ကို သနားသဖြင့် လမ်းဖွင့်ပေးပါရန် ကိုယ်တော့်ထံသို့ မျှော်ကြည့် ဆုတောင်းခဲ့ဖူးပါသည်။ စာရေးသူ၏ ဆုတောင်းသံကို ကိုယ်တော် မှတ်တမ်းတင်ထားပါသည်။ နောက်ဆုံး စာရေးသူသည် မမြဲတဲ့အလုပ်တွေအပေါ်ငြီးငွေ့လာသဖြင့် အဖဘုရား ကျွန်ုပ်နှင့် ထိုက်တန်မည့် အလုပ်ကို ပြင်ဆင်ပေးတော်မူပါဟု ဆုတောင်းပြန်သည်။ ၎င်း အချိန်ကာလကို စာရေးသူ စောင့်ဆိုင်းကျော်ဖြတ်ခဲ့ရသည်မှာ အနှစ် (၃၀) တိုင်ပါ။ လက်တော်မတို နားတော် မထိုင်းသော ဖဘုရား၊ ကောင်းမြတ်တော်မူ၍ အသက်ရှင်တော်မူသော အဖ ဘုရားရှင် သည် စာရေးသူအား ဘဝအကြောင်းကို သိတတ်အောင် ခံစားစေလျက် လှေခါးထစ် ပမာ တစ်လှမ်းချင်းစီ လှမ်းတက်ခိုင်းကာ စာရေးသူအား လိုတရသော ကောင်းကြီး များကို ချပေးလျက် နောက်ဆုံး ယခု စာရေးသူသည် စက်ာပူဟူသော ဤနိုင်ငံသို့ အခွင့် ပေးကာ သမ္မာ အာဇီဝ ကျသော အလုပ်ကလေးဖြင့် မိခင်ကြီးအားကျွေးမွေးရန် လေယာဉ်ပျံ ခရီးဖြင့် လာခဲ့ရသော ကျေးဇူးတော်က ငယ်ဘဝ၏ စိတ်ကူး သာတည်း။ ဟာလေလုယာ ကျေးဇူးကြီးလှပါ၏ အိုအဖ။ (စာဖတ်သူ–သခင့်စကားစာစောင် ပရိသတ် အယောက်စီတိုင်းအပေါ် ဘုရားရှင် ကောင်းကြီး ပေးလျက် ဤစာပေအားဖြင့် ခွန်အားယူနိုင်ရန် တိုက်တွန်းရင်း မိမိဘဝ အပေါ် ရောင့်ရဲနိုင်ကြစေသား။) လိုတရသူ – လယ်ဒီပါဏိတ အညတရစာဌက်

---

## ဘုရားရှင်နှစ်သက်သောယုံကြည်ခြင်းအမှု ဆယ်မြူရာယ်စိုးလွင်

*ကိုယ်တော်သည် အလေ့တော်ရှိသည်အတိုင်း သံလွင်တောင်ပေါ်သို့ ကြွတော်မူ၏။ တပည့်တော်တို့သည် နောက်တော်သို့လိုက်ကြ၏။ ထိုအရပ်သို့ ရောက်တော်မူလျှင် ကိုယ်တော်က 'သင်တို့သည် စုံစမ်းသွေးဆောင်ရာသို့ မလိုက် မပါစေရန် ဆုတောင်းကြလော့' ဟု မန့်တော်မူ၏။ ထိုနောက် တပည့်တော်တို့နှင့် ခဲတစ်ပစ်ခန့်ကွာသောအရပ်သို့ကြွတော်မူ၍ဒူးထောက်လျက် 'အို အဖ၊ အလို တော်ရှိလျှင်ဤ ဒုက္ခဝေဒနာခွက်ကို ဖယ်ရှားတော်မူပါ။ သို့ရာတွင် အကျွန်ုပ်၏ အလိုတော်အတိုင်းမဟုတ်၊ ကိုယ်တော်ရှင်၏ အလိုတော်အတိုင်းသာ ဖြစ်စေတော် မူပါ' ဟု ဆုတောင်းတော်မူ၏။ ကောင်းကင်ဘုံမှကောင်းကင်တစ်ပါးသည် လာ၍ ကိုယ်တော်ကို အားပေးလေ၏။ ကိုယ်တော်သည် ပြင်းပြစွာ ဝေဒနာကိုခံလျက် ပို၍ စိတ်အားကြီးစွာ ဆုတောင်းတော်မူ၏။ သို့ဖြစ်၍ ကိုယ်တော်၏ချွေးပေါက်တို့ သည် သွေးစက်များသဖွယ်မြေပေါ်သို့ကျ၏ (လု ၂၂း၃၉-၄၄)။*

၁။ ခရစ်တော်၏ဆုတောင်းခြင်းစံနမူနာ။

ရှင်လုကာ ၂၂း၃၉-၄၄ တွင် လူသားအားလုံးအတွက် အကျွတ်တရားလမ်း တံခါးကို ဖွင့်ပေးတော်မူရန် ကားတိုင် မထမ်းမီည၌ ဂေသရေမန်ဥယျာဉ်တွင် ခရစ်တော်၏ ဆုတောင်းမှုကို ဖော်ပြထားပါသည်။ ၎င်းကျမ်းချက်များက ဆုတောင်းသောအခါတွင် မည်သို့သောစိတ်ထားနှင့် မည်သို့သောရည်ရွယ်ချက်ရှိ သင့်ကြောင်း မီးမောင်း ထိုးပြနေခြင်းပင်ဖြစ်သည်။

ကားတိုင်တော်ကို ထမ်းရွက်ရန်သာမက၊ လောက၏ အဖျက်သမားမာရ်နတ်ကို အောင်မြင်ရန် ယေရှုခရစ်တော် မည်သို့ဆုတောင်းခဲ့ပါသနည်း။ မည်သို့သော စိတ်ထားဖြင့် ဆုတောင်းသောကြောင့် ဘုရားသခင် နှစ်သက်တော်မူ၍ ကောင်းကင် တမန်တို့ကို စေလွှတ်ကာ အားပေးတော်မူခဲ့ပါသနည်း။ ထိုကျမ်းချက်များကို ဗဟိုပြု၍ ဘယ်သို့သောစိတ်ထား၊ ဆုတောင်းခြင်း တို့က ဘုရားသခင် နှစ်သက် တော်မူသည်ကို လေ့လာရင်း ကျွန်ုပ်တို့၏ ဆုတောင်း ခြင်း အသက်တာကိုလည်း ဆန်းစစ်စေချင်ပါသည်။

*၁) ပုံမှန်ဆုတောင်းတော်မူသည်။*

မခြားမလပ်ဆုတောင်းပဌနာပြုရန် ဘုရားသခင်မိန့်မှာတော်မူသည် (၁ သက် ၅း၁၇)၊ တောင်းလျှင် ရမည်ဟုကတိတော်ပေးသည် (မ ၇း၇)။ အချိန်အခါတိုင်း မခြားမလပ် ဆုတောင်းသင့်ကြောင်းသိသော်လည်း အများစုမှာ လိုအပ်၍၊ ပြဿနာရှိမှသာ ဆုတောင်းကြလေသည်။

သို့သော် ခရစ်တော်မူကား အလေ့အထရှိတော်မူသည့်အတိုင်း သံလွင်တောင်သို့ ထွက်ကြွ ဆုတောင်း တော်မူသည်။ (လု ၂၂း၃၉) ပရောဖက်ဒံယေလသည် ပုံမှန်ပြုလေ့ရှိသည့်အတိုင်း တနေ့ကိုသုံးကြိမ်ဒူးထောက်၍ ကျေးဇူးတော်ချီးမွမ်း ခြင်းနှင့်အတူ ဆုတောင်းလေ၏။ (ဒံ ၆း၁၀)၊ တဖန် ပေတရုနှင့် ယောဟန်သည် နေ့စဉ်သုံးချက်တီးတိုင်း ဆုတောင်းရန် အချိန်သတ်မှတ် ဆုတောင်းခဲ့ကြသည်။ (တ ၃း၁)

ခရစ်တော်ပြုတော်မူခဲ့သောစံအတိုင်း ကျွန်ုပ်တို့နေ့စဉ်ဆုတောင်းခြင်း ဖြင့် အလေ့အကျင့်ပြုယူရမည်။ ဘုရားသခင်၏ လူတို့သည် နေ့သစ်စသည်နှင့်အသက်တာ ကို လက်တော်ပုံအပ်၍ အစပြု ဆုတောင်း နေ့၏ အဆုံးတွင် တစ်နေ့လုံးတွယ်တာ စောင့်ရှောက်မှုအတွက် ကျေးဇူးတင်ချီးမွမ်းခြင်းတို့ကို အားရနှစ်သက်တော်မူ မည်။ ထိုသို့သော ဆုတောင်းခြင်းအားဖြင့် အထံတော်မှကြီးပွားသောခွန်အားများ ကို ရယူနိုင်ပါသည်။

*၂) ဒူးထောက်၍ဆုတောင်းတော်မူသည်။*

ဒူးထောက်၍ ဆုတောင်းခြင်းသည် နှိမ့်ချသောစိတ်နှင့်ဘုရားသခင်အား အရိုအသေ ပေးခြင်းဖြစ်သည်။ ၎င်းသည် ဘုရားလူတို့ဆုတောင်းသောအခါတိုင်း ပြုသော ပြယုဒ်တစ်ခုပင်ဖြစ်သည်။

ဘုရားသခင်၏သားတော်ဖြစ်သောယေရှုခရစ်တော်ဘုရားပင်လျှင် အနန္တတန်ခိုးရှင်ဘုရားသခင်အား ဒူးထောက်၍ စိတ်နှလုံးနှိမ့်ချသော အသက်တာ ဖြင့် ဆုတောင်း ခဲ့ပါသည်။ ရှောလမုန်ဘုရင် (၃ရာ ၈း၅၄)၊ မြန်တော် ရှင်ပေါလု (တမန် ၂၀း၃၆) နှင့် သင်းထောက်လူကြီးမာတုရသတဖန် (တမန် ၇း၆၀) အားလုံးတို့သည် ဒူး ထောက်၍ ဆုတောင်းခဲ့ကြပါသည်။

မိဘကိုဖြစ်စေ၊ အထက်အရာရှိတစ်ဦးဦးကိုဖြစ်စေ ကျွန်ုပ်တို့ တစ်စုံတစ်ခု တောင်းခံလိုသောအခါ စိတ်တွင်လှုပ်ရှားခြင်းဖြစ်ပြီး ပမာမခန့်မလေးမစားဖြစ်စေမည့် အပြုအမူမျိုးကို ရှောင်ရှားတတ်ကြသည်။ ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းသည့် ထာဝရဘုရားသခင်ကို စကားပြောခြင်းအရာ၌ ကျွန်ုပ်တို့ စိတ်နေစိတ်ထား အမူအယာတို့သည် မဖွယ်မရာဖြစ်သင့်ပါသလား။ ဒူးထောက်ခြင်းသည် မာန်ညွတ် ကျိုး၍ ဘုရားသခင် အား ရိုသေသမှုပြုခြင်းဖြစ်ပြီး တန်ခိုးတော်အား အသိ အမှတ်ပြု ခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ဆုတောင်းသောအခါ ရိုသေလေးစားခြင်းဖြင့် ဒူးထောက်ကာ ဆုတောင်းသင့်သည်။

*၃) အလိုတော်နှင့်အညီ ဆုတောင်းတော်မူသည်။*

'သို့သော်လည်း ကျွန်ုပ်အလိုရှိသည့်တိုင်း မဖြစ်ပါစေနှင့်။ ကိုယ်တော်အလို ရှိသည့်အတိုင်း ဖြစ်ပါစေ' (လု ၂း၄၂) ဟု ခရစ်တော်ဆုတောင်းခြင်းပြုခဲ့သည်။ အပြစ်နှင့်ကင်းသောအရှင်ဖြစ်သော်လည်း ခရစ်တော်သည် လက်ဝါးကပ်တိုင်ကိုထမ်း၍ အသေခံရန် ကြွဆင်းလာခြင်းဖြစ်သည်။ ထို့ကြောင့်လည်း အလိုတော် ရှိလျှင် ဤခွက်ကို လွန်သွားစေမူပါဟု ဆုတောင်းတော်မူသည်။ ခမည်းတော်အလိုမှာ သူ့အားဖြင့် လူတိုင်း ကယ်တင်ခြင်းတည်းဟူသော အကျွတ် တရားလမ်းသို့ ရောက်ရန်ဖြစ်သည်ကို ကောင်းစွာသိတော်မူသည်နှင့်အညီ သူ၏ အလိုဆန္ဒအတွက် ဆုမတောင်းဘဲ ခမည်းတော်၏အလိုတော်နှင့်အညီ ဆုတောင်းတော်မူခဲ့သည်။

*"သင်တို့သည် စားသော်၎င်း၊ သောက်သော်၎င်း၊ မည်သည့်အမှုကို ပြုသော်၎င်း၊ ဘုရားသခင်၏ ဘုန်းတော်ကိုထောက်၍ ခပ်သိမ်းသောအမှုကိစ္စကို ပြုကြလော"* (၁ကော ၁၀း၃၁)။ ဘုရားသခင်၏ ဘုန်းတော် အတွက် မဟုတ်ဘဲ သွေးသား ဆန္ဒအရ ဆုတောင်းခြင်းတစ်စုံတစ်ခုမည်သည် ကျွန်ုပ်တို့စိတ်တွင် စွဲမြဲစွာသတိပြု ရန်အရေး ဘုရားသခင်က သင်တို့သည် တပ်မက်၍မရကြ။ *လူ့အသက်ကို သတ်၍ ၎င်း၊ အလွန်လိုချင်သော လောဘစိတ်ရှိ၍၎င်း၊ ႀလို မပြည့်စုံနိုင်ကြ။ ရန်တွေ့ခြင်း၊ စစ်တိုက်ခြင်းကိုလည်း ပြု၍မရကြ၊ အကြောင်းမူကား ဆုမတောင်းဘဲ နေကြ၏။ ဆုတောင်းလျှင်လည်း ကာမဂုဏ်ခံစားစရာတို့ရှိစေခြင်းငှာ အလွဲတောင်းသော ကြောင့်မရကြ။* (ယာ ၄း၂-၃) ဟု မိန့်တော်မူထားပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့ ကိုယ်ကျိုးအတွက်တောင်းလျှောက်ခြင်းဟုတ်၊ မဟုတ် သေခြာဆန်းစစ်ကာ သတိပြုရမည်။

*၄) လို့လပြု၍ ဆုတောင်းတော်မူသည်။*



*သခင့်စကား ဓိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၁၁ နိုဝင်ဘာလ ၂၀၁၀ခုနှစ်၊ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။*

ရှင်လုကာ ၂၂း၄၄ တွင် *အဘယ်မျှဖြူစင်သောဆုတောင်းခြင်းဖြစ်ကြောင်း တွေ့မြင်နိုင်သည်။ "ပြင်းစွာသောဝေဒနာကိုခံလျက် အထူးသဖြင့် ကြိုးစား၍ ဆုတောင်းတော်မူ၏ ချွေးထွက်တော်မူသည်ကား မြေပေါ်၌ကျသောသွေးစက်ကဲ့သို့ ဖြစ်သတည်"*

ခရစ်တော်ဆုတောင်းသောဥယျာဉ်တော်သည် ညချမ်းအချိန်၌ အေးသောကြောင့် ရာသီဥတု အနေအထားအရ ချွေးထွက်ရန်ပင် လွန်စွာခဲယဉ်းလှပေသည်။ ချွေးစက်တို့သည် မြေပေါ်မှာကျသောသွေးကဲ့သို့ ဖြစ်သည်ဆိုခြင်းကြောင့် ခရစ်တော်သည် တိတ်ဆိတ်စွာ ဆုတောင်းပါက ဤကဲ့သို့ဖြစ်နိုင်ပါမည်လော။ ခရစ်တော်သည် လှုံ့လပြုအားစိုက်ကာ အော်ဟစ်အသံလွှင့်ဆုတောင်းတော်မူ ခြင်းကြောင့် သူ၏ ကိုယ်ခန္ဓာတော်မှထွက်သောချွေးတို့သည် မြေပေါ်၌ကျသော သွေးစက်ခဲ ကဲ့သို့ ဖြစ်သတည်း။

ကမ္ဘာဦး ၃း၁၇ ၌ *ဘုရားသခင်က အာဒံအား ထိုအပင်၏အသီးကို မစားရ ဟု ငါပညတ်သော်လည်း သင်သည် မယား၏စကားကိုနားထောင်၍ စားမိသောကြောင့် မြေသည် သင်၏အတွက် ကျိန်ခြင်းကို ခံလျက်ရှိ၏။ မြေ၏အသီးကို တစ်သက်ပတ်လုံး ပင်ပန်းစွာစားရမည်*ဟု မိန့်ဆိုခဲ့သည်။ ထိုကျိန်ခြင်းအမင်္ဂလာမတိုင်မီက လူသည် ဘုရားသခင်ပြင်ဆင်ပေးသော ကြွယ်ဝချမ်းသာ သုခအဖြာဖြာတို့ဖြင့် ရှိခဲ့သည်။ သူ၏ မနာခံခြင်းကြောင့် အပြစ်တရားသည် ဝင်ရောက်လာကာ ဘုရားသခင်နှင့် မိတ်သဟာယလည်း အဆုံးတိုင်က ပင်ပန်းကြီးစွာ အသက်မွေးမြူရလေသည်။

ပင်ပန်းကြီးစွာ ကြိုးစား၍အထမြောက်ခွင့်ရှိခဲ့ပါက ကျွန်ုပ်တို့မလုပ်ဆောင်နိုင်သော တရားများအတွက် ဘုရားသခင်အား တောင်းလျှောက်ရာတွင် မည်သည့် အရာကို ပြုရန်ရှိသနည်း။ အထူးသတိချပ်ရမည်မှာ လိုလားသောအရာများအတွက် ကြားလျှောက်ခြင်း လှုံ့လပြုခြင်းနှင့် ချွေးနှင့်ယှဉ်သော အားစိုက်မှုဖြင့်သာ အထံတော်မှ ရနိုင်သည်။ ခရစ်တော်ဘုရား၏လှုံ့လပြုကာ ခံစားတော်မူသောစံကို သတိရကာ အသီးအပွင့် အထမြောက်လာသည့်အရာအားစိတ်တွင် စွဲမှတ်ရမည်။ ထို့နည်းတူပြု၍ ဆုတောင်းမှုသည် ဘုရားသခင် နှစ်သက်သည့် တရားပင်ဖြစ်သည်။

ကျွန်ုပ်တို့တွင် ဆုတောင်းခြင်းအတွက် တိကျသောစံကို ပြသခဲ့သည့်အရှင် ရှိပါသည်။ ယေရှုခရစ်တော် သည် အခွင့်တန်ခိုးအားလုံးကို ပိုင်သသော်လည်း ဆုတောင်းခြင်းကိုပြု၍ ပြသခဲ့ခြင်းဆိုပါလျှင် ဖန်ဆင်းခံ လူသားဖြစ်သော ကျွန်ုပ်တို့သည် မည်ကဲ့သို့သောစိတ်နေစိတ်ထားဖြင့် ဆုတောင်းရပါအံ့နည်း။ ဆုတောင်းခြင်းဖြင့် သွင်ပြင်လက္ခဏာနှင့် သဘောသဘာဝတို့က သူ၏စိတ်နှလုံးကို ဖော်ပြနေခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့၏ဆုတောင်းခြင်းသဘောသည် အရေးကြီးသည်နှင့်အမျှ ဆုတောင်းခြင်းအနေအထားသည်လည်း ခရစ်ယာန်အသက်တာတွင် လွန်စွာ အရေးပါလှပါသည်။ **ဆယ်မြူရာယ်စိုးလွင်**

ဝန်ခံချက်။ ။ Dr. Jaerock Lee ၏ Keeping watch and pray! အားမြန်မာမှုပြုပါသည်။

---



## ငယ်လေးအတွက်အိတ်ဖွင့်ပေးစာ (MMS)

သို့ ငယ်လေး (ညီမလေး)

ငယ်လေး စာရရချင်း မမ စာပြန်ရေးလိုက်တယ်နော်။ စာပြန်တာ နောက်ကျသွားရင် ခွင့်လွှတ်ပါ။ အလုပ်က ပြန်လာရင် စာတိုက်ပုံးဖွင့်ဖို့ အမြဲ မေ့တတ်တဲ့ သူ့ငွေးကြောင့် လာသမျှစာတွေ အမြဲနောက်ကျမှ ဖတ်ရတယ်။ တလောကဆို နယ်က အမေ့စကား ပြောချင်လို့ဆိုပြီး ၁၅ရက်နေ့မှာ ချိန်းထားတယ်။ အမေ ရေးတဲ့စာကို ၁၇ရက်နေ့မှာ ဖတ်ရတယ်။ အဲဒါ သူ့ကို ပြန်ပြောပြရင် သူငွေးက သော့ပ့ချိ (sorry) တဲ့။ ကဲ - ငယ်လေးအကြောင်း ပြောရအောင်။ ငယ်လေးက ဟိုး အရင်ပြုမိခဲ့တဲ့ အမှားတွေ အများကြီးဘဲ။ သိလို့ မှားတာရော။ မသိလို့ မှားတာရော အများကြီးဘဲတဲ့။ အခုကျမှ တမြေ့မြေ့နဲ့ ခံစားနေရတယ် ဆိုပါလား။ ဒီမှာ ငယ်လေး၊ ကျန်းမာတဲ့ သူတွေအတွက် ဆေးဆရာ ဆိုတာ မလိုဘူး။ မကျန်းမာတဲ့သူဘဲ ဆရာဝန် လိုတယ်။ ဒီလိုဘဲ မမတို့ ငယ်လေးတို့လို ဝိညာဉ်ရေးရာ မကျန်းမာတဲ့ သူတွေအတွက် ဆရာဝန် ဆိုတဲ့ သခင်ယေရှုခရစ်တော် လိုအပ်တယ်။ သခင် ခရစ်တော်က မမတို့ အပြစ်တွေကို ဆေးဖို့ ကားတိုင်ပေါ်မှာ သူ့အသွေးကို သွန်းခဲ့တယ်လေ။ လူဆိုတာ အပြစ်သားဘဲ ငယ်လေး။ ဟိုး အရင်တုံးက ဘယ်လောက်ဘဲ မှားမှားဖျက် မရတဲ့ အမည်းစက်ကြီး စွန်းနေပါစေ၊ အခုအချိန်မှာ ငယ်လေး နောင်တ ရရင် အဲဒီအမှားထဲက ရုန်းထွက်နိုင်ရမယ်။ အခုလက်ရှိ ဘဝနဲ့ ရှေ့လာမဲ့ အသက်တာမှာလဲ ဘုရားရှင်ကို နေရာပေးလိုက်၊ ကိုယ့်အမှားတွေကိုပြန်ပြီး သင်ခန်းစာ ယူမယ်ဆိုရင် တစ်ချို့မှားခဲ့တာတွေတောင် အမှားကောင်း ဖြစ်လာနိုင်တယ် ငယ်လေးရဲ့။ 'ပျက်အစဉ် ပြင်ခန' တဲ့။ အဲဒါ ငယ်လေး လုပ်ရမဲ့ အလုပ်က ကျမ်းစာဖတ်၊ ဆုတောင်းဖို့ဘဲ။ အဲဒါ အထီးကျန်ခြင်းရဲ့ ကောင်းဆုံး အဖော်မွန်ဘဲ။ ငယ်လေးရဲ့အမှားတွေကြောင့် ငယ်လေးကို ဘယ်သူမှ အပေါင်းအသင်း မလုပ်၊ ဆေးဖော် ကြောဖက် မလုပ်ကြဖူးတဲ့။ ငယ်လေးရယ်။ ဘာ ကရုစိုက်စရာရှိလဲ။ သူငယ်ချင်းဆိုတာ ကိုယ် ပြည့်စုံမှ ခင်ချင်တယ်ဆိုရင် အဲဒီ သူငယ်ချင်းက မိတ်ဆွေစစ် မဟုတ်နိုင်ဘူး။ 'သာပေါင်း ညာစား' ဘဲ ဖြစ်မှာပေါ့။ အဲဒီလို လူတွေနဲ့ ဝေးဝေးနေ။ ငယ်လေးမှာ ဦးနှောက်ရှိတယ်။ ကိုယ်ပိုင် ဆုံးဖြတ်ချက် ရှိတယ်။ ကိုယ့်ခြေထောက် ပေါ် ကိုယ် ရပ်နိုင်အောင် ကြိုးစား။ ပြီးခဲ့တဲ့ အမှားတွေအတွက် အချိန်ကုန်ခံစိတ် အပင်ပန်းခံ ဆွေးမြေ့နေမဲ့အစား ခရစ်တော်ရင်ခွင်မှာ ပျော်ရွှင်အောင် ကြိုးစားပါ။ ဘာဘဲ လုပ်လုပ် ခရစ်တော်နဲ့ တိုင်ပင်ပါ။ ဆွေးနွေးပါ။ အဖြေရှာပါ။ အဲဒါဆိုရင် ဘာမှ စိုးရိမ်စရာ မလိုတော့ဘူး။ ကိုယ် မဖြစ်ချင်တဲ့အရာတွေ ပေါ်လာရင်တောင် ငါ့ဆုတောင်းထားပြီးပြီမို့ ဒါဟာ စာတန်ငါ့ကို စုံစမ်းတာ။ ခရစ်တော်က စုံစမ်းဖို့ အခွင့်ပေးတာ။ ငါ့အတွက် ဝိညာဉ်ရေးရာ စာမေးပွဲ လို့ဘဲ မှတ်ပါ။ ငယ်လေးအခုလိုကြုံရတဲ့ ပြဿနာက သေးသေးလေးပါ။ ခေတ်စကားနဲ့ ရေးပြရရင် မိုင်နာ လေးပေါ့။ ငယ်လေး လျှောက်ရမဲ့ အသက်တာလမ်းက ရှေ့မှာ အများကြီး ရှိသေးတယ်နော်။ နောက်ထပ် ဘာ အခက်အခဲတွေ ထပ်တွေ့ရအုံးမယ် ဆိုတာ မပြောနိုင်သေးဘူးလေ။ ဒါ့ကြောင့် အခု ကတည်းက အန္တရာယ်ဆိုးတွေက လွတ်အောင် ကျမ်းစာဖတ်၊ ဆုတောင်းရင်း ခရစ်တော်ရဲ့ အတောင်တော် အောက်ထဲမှာ လုံခြုံ နွေးထွေးစွာ ခိုလှုံရင်း ပျော်ရွှင်အောင်နေပါလို့ - - - ။

( မှ - ငယ်လေးရဲ့ ချစ်သော မမ MMS (ရှမ်းမြောက်။ လားရှိုးမြို့) )

---



## ချစ်ခင်သူများအတွက်အချိန်ပေးပါ Mary ဖျာပုံ

အချိန်အပုန် ကြီးမားတဲ့ အသက်မွေးဝမ်းကျောင်း အလုပ်တွေကို လုပ်ကိုင် လှုပ်ရှားနေရတဲ့ ကျွန်မတို့ ဘဝမှာ မိမိတို့နဲ့ အနီးကပ်ဆုံး သူတွေကို မေ့လျော့ မိတတ်ကြပါတယ်။ ကျွန်မလဲ ဒီလို ပြုမူတတ်ပါတယ်။ စင်ကာပူမှာ ကျွန်မရဲ့ ဆွေမျိုးတွေ၊ အသိ မိတ်ဆွေတွေ များများစွာရှိပါတယ်။ ဒါပေမဲ့ အလုပ်တစ်ဘက်နဲ့မို့ သူတို့ကို ဖုန်းဆက်ဖို့ မေ့နေတတ်သလို အဆက်အသွယ်လုပ်ဖို့ကိုလဲ မေ့နေတတ်ပါတယ်။ သူတို့ကို ကရုမစိုက်လို့ မဟုတ်ပါဘူး။ အလုပ်တွေကများ မအားလို့ ဖြစ်ပါတယ်။ ခွင့်လွှတ်ချင်စရာ မကောင်းဘူး မဟုတ်ပါလား။ သူတို့ဆီက ဘာသတင်းမှ မကြားရပါလားလို့ မကြာခန ညည်းညူမိခဲ့ပါတယ်။ ဒါပေမဲ့လဲ သူတို့လဲ ကျွန်မကို မဆက်သွယ်သလို ကျွန်မလဲ သူတို့ကို မဆက်သွယ်မိခဲ့ခြင်းပါ။ ကျွန်မရဲ့ တူမ တစ်ယောက်ကတော့ တာဝန်ကျေသူပါ။ နေ့တိုင်း ဖုန်းဆက်ပါတယ်။ စင်ကာပူက သတင်း အဆိုး အကောင်းက အစ၊ မလေးရှားမှာ အလုပ်သွားလုပ်ကြတဲ့ ဆွေမျိုးတွေအဆုံး သတင်းစုံ ပေးတတ်သူပါ။ ချစ်ခင်သူတွေနဲ့ အချိန်မယူဘူး ဆိုရင် အချိန်တွေဟာ ရက်က လ၊ လက နှစ် ဖြစ်သွားပြီး ကုန်မြန်သွားတတ်ပါတယ်။ သားသမီးတွေနဲ့လဲ ဒီအတိုင်းပါဘဲ။

အိမ်ထောင်သည်တွေ အနေနဲ့လဲ ဒီလိုပါဘဲ။ မိသားစုဝင် အချင်းချင်း နွေးနွေးထွေးထွေး ဆက်ဆံမှုသာလျှင် တစ်ယောက်နှင့် တစ်ယောက် ပိုမိုရင်းနှီးနိုင်မှာ ဖြစ်ပါတယ်။ သာရေး နာရေးကိစ္စ အဝဝမှာ ပါဝင်နိုင်ရင် အောင်မြင်တဲ့သူ လူချစ်လူခင် ပေါများတဲ့သူ ဖြစ်လာပါမယ်။ ကိုယ့်အမှုအရာကိုသာ မရှု မမှတ်ဘဲ။ သူ့အမှုအရာကို ရှုမှတ်ဖို့ လိုအပ်ပါတယ်။ ခွင့်လွှတ်စရာ ရှိတာကိုလဲ ခွင့်လွှတ်ပြီး ကိုယ်က သူ့ကို စခေါ်ဖို့ လိုအပ် ပါ တယ်။ နာကျည်းမှုတွေကို ထမ်းရွက် မထားပါနဲ့။ ဘယ်လိုဘဲ အလုပ်များတဲ့သူ ဖြစ်နေပါစေ၊ ချစ်ခင်သူနဲ့ အချိန်ယူတတ်ဖို့ လိုအပ်ပါတယ်။ ဒါမှသာ စိတ်ဖိစီးမှုတွေ လျော့ပြီး လူမှုဆက်ဆံရေးအတွက် အချိန်ပို ထွက်လာမှာ ဖြစ်ပါတယ်။ မိမိရဲ့ ပတ်ဝန်းကျင်က ချစ်ခင်လေးစားရတဲ့သူဖြစ်ဖို့ အချိန်ကို အသုံးချတတ်ရပါမယ်။ ကိုယ်က သူများကို အချိန်ပေးရင် သူများကလဲ ကိုယ့်ကို ပြန်ပြီး အချိန်တွေ ပေးလာပါလိမ့်မယ်။ ဒါဟာ တရားမျှတတဲ့ အလဲအလှယ် ဖြစ်ပါတယ်။ ဒါကို ဝတ္တရားအရ မဟုတ်ဘဲ လေးလေးစားစား လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ မိမိရဲ့ စိတ်အာရုံကို သူတို့ အပေါ်မှာ စုစည်းထားဖို့ လိုအပ်ပါတယ်။ သားသမီးများအတွက် အချိန် ပေးတယ်ဆိုတာ သူတို့ နားမှာနေပြီး သတင်းစာ ဖတ်နေတာ၊ ရုံးအလုပ်ကို Lap Top တစ်လုံးနဲ့ လုပ်ရှုပ်နေ၊ မီးပူတိုက်နေတာ မဟုတ်ဘဲ။ သားသမီး တွေနဲ့ အတူတူ သူတို့ လုပ်တာကို လိုက်လုပ်တာ၊ သူတို့နဲ့ ကစားမှ သာလျှင် သူတို့ အတွက် အချိန် ပေးတယ်လို့ မည်ပါတယ်။ ဒါမှ မဟုတ်ရင် ကလေးတွေကို အချိန်ပေးသလိုလိုနဲ့ လှည့်စား နေတာဖြစ်ပါတယ်။ သားသမီး များအတွက် ပေးတဲ့ အချိန်ဟာ သားသမီးတွေ အတွက်ဘဲ ဖြစ်ပါစေ။ ဒါ့ကြောင့် အဖွားဆီကဘဲ ဖြစ်ဖြစ်၊ အမေဆီကဘဲ ဖြစ်ဖြစ် မိတ်ဆွေ ရင်းချာဆီကဘဲ ဖြစ်ဖြစ် ဖုန်းလာတယ်ဆိုရင် ကွန်ပျူတာ ရိုက်နေရင်း။ ပန်းကန်ဆေးနေရင်း။ ထမင်းချက်နေရင်း စိတ်မပါသလို အင်း အဲ နဲ့ သံယောင် မလိုက်ပါနဲ့။ လုပ်လက်စ အလုပ်ကို လုံးဝ ရပ်ထားလိုက်ပြီး သူတို့ အပေါ်မှာ အလေးအနက် အာရုံစိုက်ပြီး ပြန်ပြောပါ။ ဒါမှ မဟုတ်ရင်လဲ ပြီးတော့မှ ပြန်ခေါ်ပါရစေဆိုပြီး ခွင့်တောင်းပါ။ ဒါပေမဲ့ သေချာ သတိထားပြီး ဆက်ဆက် ပြန်ခေါ်ပါ။ တစ်နေ့ကျရင် သူတို့ ရှိချင်မှ ရှိတော့မှာပါ။ အဲဒီအချိန်ကျမှ "ငါ့သေသေချာချာ သူတို့ပြောတာလေးတွေကို ကြားချင်လိုက်တာ" လို့ အပြင်းအထန် တောင့်တမိပါလိမ့်မယ်။ အဲဒီအခါကျရင်တော့ သိပ်ကို နောက်ကျသွားပါပြီ။

ဒီလိုမျိုး အချိန်ပေးတာကို မျက်မြင်ကိုယ်တွေ့လေး ကျွန်မ တွေ့ခဲ့ရတာလေးကို ရေးပြရရင် ကျွန်မ စင်ကာပူမှာ ပြုစုနေရတဲ့ အဘွားဟာ သူ့သားနဲ့ တစ်နေ့ စကား မပြောရရင် မနေနိုင်ပါဘူး။ လွန်ခဲ့တဲ့ သုံးနှစ်မှာ သားက ဩစတြေးလျားမှာ ဆရာဝန် ပညာ

သွားသင် တယ်။ အဘွားဟာ ညနေ ၅နာခွဲတာနဲ့ သူ့သားကို အချိန်မှန် ဖုံးခေါ်ပါတယ်။ ပြောစရာ ထွေထွေထူးထူး ရှိလို့ မဟုတ်ပါဘူး။ ထမင်းစားပြီးပြီလား။ အဆင်ပြေရဲ့လား။ ဘုရားသခင် ကောင်းကြီးပေးပါစေ။ ဒီလောက်ပါဘဲ။ တစ်ခါတစ်လေ သားက night duty ဆင်း နေရတတ်ပါတယ်။ အဲဒီနေ့ဆို ခေါ်နေကျ အချိန်ခေါ်လို့ မရပါဘူး။ အဲဒီလို ညမျိုး ဆိုရင် အဘွားဟာ ဆီးသွားလို့ မရ၊ ထမင်းစားလို့ မဝင်နဲ့ ကမောက်ကမ တွေ ဖြစ်တတ်ပါတယ်။ အခုတော့ သူ့သားက စင်ကာပူ ပြန်ရောက် အိမ်ထောင်ကျပြီး အိမ်ခွဲနေကာ တစ်နေ့ နှစ်ကြိမ် ဖုန်းဆက်တတ်ပါတယ်။ ဆက်နေကျ အချိန်ကို အဖွားက စောင့်နေတတ်ပါတယ်။ တစ်ခါတစ်လေ သား ဖုန်းဆက်ချိန်မှာ သူက ရေချိုးနေတာ၊ အိမ်သာ တက်နေတာ မျိုးကြုံရင် သားက ပြန်ခေါ်မယ် ပြောထားပေမဲ့ ချက်ခြင်း သူက စပြီးပြန်ခေါ်တတ်ပါတယ်။ တကယ်တော့ သားက သူ့အမေကို ဖုန်းဆက်ခေါ်ရခြင်းဟာ သူ့အမေ အချိန်မှန် စားဖို့ လမ်းလျှောက် လေ့ကျင့်ခန်းလုပ်ဖို့ အချိန်မှန် သတိပေးနေတာ ဖြစ်ပါတယ်။ အမေက သူ့ရဲ့ ကျန်းမာရေး ဘယ်လောက် ဆိုးနေပါစေ။ သားရဲ့ ကျန်းမာရေးကိုဘဲ ဦးစားပေးပြီး မေးပါတယ်။ ကျွန်မနဲ့ စာဖတ်သူတို့ရဲ့ ချစ်သူတွေအတွက် ဒီလောက်အချိန် မပေးနိုင်ပါဘူး ဆိုတာ သေချာ တွက်လို့ ရပါတယ်။ ဒါပေမဲ့ အစစအရာရာ ချို့ခြံ့ချွေတာ နေရတဲ့ ကျွန်မတို့ ဘဝမှာ အချိန်လေး နှစ်ဆယ့်ငါးမိနစ်နဲ့ နှစ်ဆယ့် ငါးပြားလောက် အချိန်ကုန်ခံ လိုက်ရင် ချစ်ခင်သူ မိတ်ဆွေ အယောက် တစ်ထောင်လောက်နဲ့ တစ်ချိန်တည်းမှာ စကားပြော ဆက်သွယ်လို့ ရပါတယ်။ အဲဒီ ဆယ်သွယ်နည်း ကတော့ မည်သူမဆို စာရေး သက်သေ ခံနိုင်တဲ့ စင်ကာပူနိုင်ငံထုတ် သခင့်စကားစာစောင်ကို ပြောချင်တာလေး ရေးပြီး အယ်ဒီတာ ဆီ ပို့လိုက်ရုံပါဘဲ။ စီးပွားရေးတွက် တွက်တတ်တဲ့ ကျွန်မ အတွက် သိပ်ကို မြတ်ပါတယ်။ စီစဉ် ထုတ်ပေးသူ အယ်ဒီတာကိုလဲ ကျေးဇူးအရမ်းတင်ပါတယ်။ မိမိဘဝ အတွက် အရေးပါသူအတွက် အချိန်ကို ဝေမျှ ပေးစေလိုပါတယ်။ ကျွန်မ ပြောတာ ဒီနေ့ဖြစ်ပါတယ်။ နောက်ကျသွားမှာ စိုးရိမ်လို့ပါ။ Never be too busy for love one. Mary (ဖျာပုံ)

---

## မုန်လာဥ၊ ကြက်ဥ နှင့် ကော်ဖီ

Chit Lin Lay



(သင်တို့သည် ငါ့ကို အမှီပြု၍ -- လောကကို အောင်ပြီဟု မိန့်တော်မူ၏။ ယော ၁၆း၃၃)

ဘုရားသခင်ပေးတဲ့ လူ့ဘဝဆိုတာ ရခဲပါတယ်။ ရခဲလှတဲ့ လူ့ဘဝကြီးမှာ လူလာ ဖြစ်လာကြတဲ့ လူသားတွေရဲ့ ဘဝမီးစာ အခိုးအငွေ့လေး မပျောက်ပြယ်သည့် အချိန် အထိ စားရေး၊ ဝတ်ရေး။ နေရေး၊ ပညာရေးနှင့် ဂုဏ်ပကာသန တို့အတွက် နေ့စဉ် ရုန်းကန် လှုပ်ရှားရပါမည်။ ထိုသို့ လှုပ်ရှားရုန်းကန်ရင်း သုခပန်းခင်းလမ်းလေး လျှောက်လိုက်၊ မုန်တိုင်းထန် ရေဆန်တဲ့ ကျောက်ဆောင်တွေကြားထဲ လှော်ခတ်ရင်း ရှေ့ဆက်လိုက်နဲ့ပေါ့။ ပျော်စရာ ကြည်နူးစရာကောင်းတဲ့အချိန် အောင်မြင်မှုများနဲ့ တွေ့ဆုံရတဲ့ အချိန်၊ လိုရာတွေ ပြည့်နေတဲ့ ထိုအချိန်ကို ပျော်ရွှင်စွာ တဝကြီး ခံစားနိုင်ကြပေမဲ့ ဒုက္ခတွေ အခက်အခဲတွေ ပူလောင်မှုတွေ ဝမ်းနည်းစရာတွေ ကျဆုံးမှုတွေ ရောဂါ ဝေဒနာတွေကို ခံစားရမယ်ဆိုရင်တော့ များသောအားဖြင့် ခံနိုင်ရည် မရှိတော့ပါဘူး။ ဒါပေမဲ့ အပူလောင်ဆုံး အချိန်မှာ ဘုရားရှင်ရဲ့ လက်ကို ကိုင်ဆွဲပြီး ပိုမိုကောင်းမွန်လာတဲ့ အခြေ အနေတစ်ခု ရောက်အောင် ပတ်ဝန်းကျင်ကိုပါ အလင်းနဲ့ ဆား ဖြစ်စေဖို့ ဖတ်ဖူးထားသော ဒေါက်တာ ခင်မောင်ညို ရဲ့ "လူငယ်နှင့် အကောင်းဆုံးသော ဘဝကို တည်ဆောက်ခြင်း " စာအုပ်ထဲက သာဓက လေး တစ်ခုကို တင်ပြပါရစေ။

**Carrot, Egg @ Coffee**

တစ်ခါက သမီးငယ်လေးတစ်ဦးဟာ သူ့အမေဆီ သွားပြီး သူတွေ့ကြုံ ခံစားနေရတဲ့ အခက်အခဲ ပြဿနာတွေကို ပြောပြပါတယ်။ သူ့အမေက ဝမ်းနည်းနေတဲ့ သမီးကို ကြည့်ပြီး မီးဖိုချောင်ထဲကို ခေါ်သွားပါတယ်။ ပြီးတော့ တူညီတဲ့ အိုးသုံးလုံးထဲမှာ ရေ အညီအမျှ ထည့်ပြီး အပူပေးလိုက်ပါတယ်။ ရေတွေ ဆူလာတဲ့အခါမှာ အိုးတစ်လုံးစီထဲကို မုန်လာဥ။ ကြက်ဥနဲ့ အမှုန့်ကြိတ်ထားတဲ့ ကောက်ဖီစေ့တွေ ထည့်လိုက်ပါတယ်။ ပြုတ်ထားတဲ့ ကြက်ဥကို အခွံခွာခိုင်းပါတယ်။ သမီးက နဂိုတုံးက အရည် အဖြစ် ဖြစ်နေတဲ့ ကြက်ဥဟာ အခုတော့ အရည်အဖြစ် မတွေ့ရတော့ဘဲ အသွင်ပြောင်းပြီး မာသွားပါတယ်။ မုန်လာဥကို လက်နဲ့ စမ်းခိုင်းပါတယ်။ နဂိုက မာနေတဲ့ မုန်လာဥက ပျော့သွားပါတယ်။ သမီးရေ ကော်ဖီတစ်ငုံလောက် သောက်ကြည့်ပါလားလို့ခိုင်းတော့ သမီးဟာ မွှေးကြိုင်ပြီး အရသာ ရှိလှတဲ့ ကော်ဖီတစ်ငုံလောက် သောက်ပြီးချိန်မှာ ကျေနပ်ပြီး ပြုံးလိုက်တယ် ပြီးတော့ အဓိပ္ပါယ်ကို နားမလည်သလိုနဲ့ အမေ ဘာကို ဆိုလိုတာလဲ လို့ မေးတဲ့အခါ အမေက ရှင်းပြတယ်။ သမီးတွေ့တယ် မဟုတ်လား။ ဒီပစ္စည်းသုံးမျိုးဟာ မီးအပူနဲ့ ရေကို ဆူ စေတဲ့ အပူချိန် ရောက်သွားတဲ့အခါ တစ်မျိုးစီဟာ မတူညီတဲ့ တုန့်ပြန်မှုတွေကို ပေးကြတယ်။ မုန်လာဥဟာ မူလက မာကျောကျောနဲ့ ချိုးဖဲ့ဖို့ ခက်ခဲပေမဲ့ ရေပူပူနဲ့ ပြုတ်လိုက်တော့ ပျော့စိသွားပြီး အလွယ်တကူ ချိုးဖဲ့လို့ရသွားတယ်။ သမီးဟာ တကယ်လို့သာ မုန်လာဥလို ဖြစ်မယ်ဆိုရင် မူလက ခပ်မာမာဘဲ ခေါင်းမော့ ရင်ကော့ပြီး ဘုရားသခင်ဟာ ငါတောင်းတိုင်း ပေးတယ်လို့ ထင်နေချိန်မှာ ဒုက္ခအခက်တွေ ဝင်လာတဲ့ အခါမှာ ဘုရားသခင် ငါ့ကို ဘာမှ မလုပ်ပေးပါလား။ ဘုရားသခင် ငါ့ကို စွန့်ခွာသွားပြီဆိုပြီး ကိုယ်တော့်ကို ကျောခိုင်း လက်မှိုင်ချ ဘဝကို အရှုံးပေးတဲ့ သူဖြစ်သွားပါမယ်။ စာတန် ခေါ်ဆောင်ရာ လိုက်တဲ့သူ ဖြစ်သွားပါလိမ့်မယ်။

ကြက်ဥ ကတော့ မူလက ထိမိ ခိုက်မိရင် အလွယ်တကူ ကွဲသွား ပျက်စီးသွားတတ်တယ်။ ကြက်ဥ အကာအဖြူရည်နဲ့ အနှစ်ဟာ နဂိုက အရည် အဖြစ်နဲ့ ဥထဲမှာ ရှိနေပေမဲ့ မီးအပူနဲ့ ပြုတ်ပြီးချိန်မှာ ဥထဲက အနှစ်တွေ မာကျောလာတယ်ဆိုတာ တွေ့ရတယ်။ သမီးဟာ ကြက်ဥလို မူလက နူးညံ့သိမ်မွေ့နေပေမဲ့ ဒုက္ခ ဆင်းရဲခြင်းတွေ တွေ့တဲ့အခါမှာ ရက်စက် ကြမ်းကြုတ်တဲ့သူအဖြစ် ဘုရာသခင်နဲ့ ပတ်ဝန်းကျင်အပေါ်မှာ မာကျောတဲ့ သူဖြစ်သွားမှာလား။

ကော်ဖီစေ့တွေ ကတော့ ထူးခြားတယ်။ သူတို့ကို ဆူအောင် ဘဝပြောင်းစေအောင် လုပ်တဲ့ ရေနွေးပူပူကို ကော်ဖီ အရောင် ပြောင်းသွားအောင် လုပ်လိုက်တယ်။ ရေက ပူလာလေလေ ကော်ဖီရဲ့ ရနံ့က မွှေးလာလေလေ ပါဘဲ။ ကော်ဖီနဲ့ တူတဲ့ သူဟာလဲ အခက်အခဲတွေ မုန်တိုင်းတွေ ထန်လေ။ ဘုရားသခင်ရဲ့ လက်ကို ကိုင်စွဲပြီး ပတ်ဝန်းကျင်ကို ပြောင်းလဲ စေတဲ့သူ ဖြစ်ပါတယ်။ အဲဒီ ကော်ဖီစေ့လို လူဟာ အခက်အခဲတွေ့လေ။ မုန်တိုင်းတွေ ထန်လေ။ ဘုရားသခင်ရဲ့လက်ကို ကိုင်စွဲလျှက် အမြင့်ဆုံးမှာ ပျံဝဲပြီး ပတ်ဝန်းကျင်ကို ပြောင်းလဲစေသူဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကြောင့် ငြိမ်သက်ရပြီး အခြားသူများရဲ့ မျှော်လင့်ခြင်းကို ခံရတဲ့ အမြင့်ဆုံးလူသားဖြစ်ကာ ဘုရားဘုန်းတော်ကို ထွန်းတောက် စေသူပေါ့။ လူ့ဘဝရဲ့ အချို့ အစိတ်အပိုင်းတွေမှာ ရေနွေးအိုး ထဲရောက်နေ တဲ့ အဲဒီ ပစ္စည်းသုံးမျိုးနဲ့ တူပါတယ်။ မုန်လာဥနဲ့ ကြက်ဥလို ရုတ်တရက် ဆန့်ကျင်ဘက် တုန့်ပြန်မှုကို မပေးဘဲ ကော်ဖီကဲ့သို့ ဘဝကို ကြံ့ကြံ့ခံပြီး သင်းပျံ့မွှေးကြိုင် အောင်မြင်ကျော်ဇောတဲ့သူ တစ်ယောက်ဖြစ်စေပါ သမီးလို့ အမေဖြစ်သူက သမီးလေးကို ဆုံးမလိုက်ပါတယ်။

ပူလောင်တဲ့ ဒုက္ခ ဘဝခနကို အခွင့်ကောင်းယူပြီး တည်ငြိမ်စွာ အကောင်းဆုံး အခြေ အနေတစ်ခုဖြစ်အောင် တည်ဆောက်ပါ။ ယောဘ အနေနဲ့ "လက်နှင့်မျှ မတို့နိုင် ငါ မနှစ်သက်သော အရာကို ရှုံလျှက်နှင့် ငါစားရ၏။ ယောဘ ၆း၇"

- - - လောက်နှင့် ရွှံ့တို့သည် အဝတ်ကဲ့သို့----- ငါ့ကိုယ်ကို ဖုံးလွှမ်းကြ၏ ငါ့ အရေသည် ကွဲ၍ ယိလျှက်ရှိ၏ ယောဘ ၇း၄-၅

- - - ငါ့အသည်း သည် ပူလောင် ၍ ငြိမ်ခြင်း မရှိ။ ယောဘ ၃၀း၂၇

ယောဘသည် ဤအမှုအရာများနှင့် တွေ့ကြုံသော်လည်း မမှားယွင်း၊ ထာဝရဘုရားကိုလဲ အပြစ် မတင်ဘဲ နေ၏။ ယောဘ ၁း၂၂ ဟုဖော်ပြမတ်သော အသက်တာကို ပြခဲ့ပါတယ်။ ထို့ကြောင့် သူဟာ နှစ်ဆသော ကောင်းကြီးများနှင့်အတူ ခရစ်ယာန်တို့ အသက်တာ၌ စံပြနမူနာ အယူထိုက်ဆုံး ခွန်အားယူစရာ အကောင်းဆုံး အဖြစ် မော်ကွန်းတင် ခြင်း ခံခဲ့ရပါတယ်။ သင့်အနေနဲ့လဲ ပျော်ရွှင် ချမ်းမြေ့တဲ့ ဘဝခရီးကို ဘယ်အခြေအနေမျိုးဘဲ ဖြစ်ဖြစ် ဘုရားသခင်၏ ကတိတော်ကို ကိုင်စွဲလျှက် ကျော်ဖြတ်နိုင်ပါစေ။ မျက်ရည်ကို သုတ်။ ဝမ်းနည်းတာကို ဘေးဖယ်။ အဆိုးထဲက အကောင်းတွေကိုသာ ရေတွက်ပါ။ ပျော်ရွှင်နေတဲ့ သူတွေဟာ အကောင်းဆုံးအရာကို ရထားလို့ (ဘုရားသခင် ဘက်လိုက်လို့ မဟုတ်ပါဘူး) ဘုရားသခင်သည် မျှတပါ၏။ အတူတူ ပေးပါ၏။ ဒါပေမဲ့ ရထားတဲ့ အရာတွေထဲကနေ အကောင်းဆုံးဖြစ်အောင် လုပ်ဖို့ပါဘဲ။ အတိတ်ကို အခြေခံပြီး အနာဂါတ်ကို ထွန်းလင်းစေပါ။


သင်မွေးလာတုံးက သင်ငိုနေတယ်လေ။ ဘေးနားက လူတွေအားလုံးကတော့ သင့် အတွက် ပြုံးပျော်ရယ်မောနေကြတယ်။ ဘဝရဲ့ နောက်ဆုံး အချိန်နာရီ ရောက်အောင် ဘုရားသခင်သည် သင်နှင့်လျှောက်လှမ်းပြီးနောက် ခရစ်တော်၏ ရင်ခွင်ထဲမှာ အပြီးအပိုင်နေရတဲ့အခါ ပျော်ရွှင် ပြုံးပျော်လိုက်စမ်းပါ။ ဒီလိုအချိန် ကောင်းကင် ရွှေမြို့တော်သစ်မှာ သင်ချစ်သော သူများနှင့် ရယ်မာ ပျော်ရွှင်နေပေမဲ့ လောကမှာ ရှိတဲ့ သင့် ခန္ဓာရုပ်ကလာပ် ဘေးက လူတွေအားလုံး ကြေကွဲ ဝမ်းနည်းငိုကြွေးနေကြမှာ အသေအချာပါဘဲ။ ဘဝမှာ ခါးသီး တဲ့ အတွေ့အကြုံဆိုးတွေနဲ့ ဆုံလာတဲ့အခါ ခရစ်တော်ရဲ့ လက်ကို ကိုင်စွဲပြီး အမြင့်ဆုံး တစ်နေရာမှာ ခိုလှုံကာ သူတပါးအတွက် တည်ဆောက်စရာ ခွန်အားရစရာ သက်သေ ခံကောင်း စံနမူနယူစရာဖြစ်အောင် ဖန်တီးနိုင်ဖို့ ဒီဆောင်ပါး လေးဖြင့် ခွန်အားရှိစေဖို့ ဝေငှလိုက်တာပါ။ ငြိမ်သက်ခြင်းကို သင်တို့၌ ငါထားခဲ့၏ ---စိုးရိမ် တုန်လှုပ်ခြင်း မရှိစေနှင့်။ ယော ၁၄း၂၇။ လွယ်လွယ်နဲ့ ဘဝကို အရှုံး မပေးဘို့ မာကျောနေတဲ့ နှလုံးသား ကို မတည်ဆောက်မိဘဲ ဘာကိုမျှ အပြစ်မတင် မညည်းညူဘဲ လက်ရှိ အခြေအနေကို



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၁ နိုဝင်ဘာလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

အကောင်းဆုံးဖြစ်အောင် ဖန်တီးကာ အခွင့်အရေး ယူတတ်ပါစေ။ -- ဒါဆိုရင် ကော်ဖီ တစ်ခွက်ကို ဟိုးအရင်တုံးကလို မမြင် တော့ဘူးပေါ့။ အရသာ အစစ်နဲ့ ကော်ဖီကို နောက်ထပ် တစ်ငုံထပ်သောက်ရင်း - - - တို့တတွေအားလုံး ကော်ဖီ ဖြစ်ကြရင် အကောင်းဆုံး ပါဘဲနော်။ ဖိ ၄း၆-၇ ဘုရားသခင်၌ အစဉ်အမြဲတ် ဝမ်းမြောက် ---- ကြားလျှောက်ကြလော့။ ။ Chit Lin Lay

---



## ကိုယ်တော်ပြန်လာရင် (မာရာနသာနီနီခိုင်)

မိတ်ဆွေရဲ့ အသက်တာမှာ ခရစ်တော်ကို လက်ခံပြီး တာနဲ့ ကိုယ့် ဟာကိုယ် မပိုင်တော့ဘူး ဆိုတာကို နှုတ်ကပါတ် တော်က 'သင်တို့ ကိုယ် ခန္ဓာသည် ဘုရားသခင် ပေးသနားတော်မူသော ဝိညာဉ်တော် တည်းဟူ သော သင်တို့အထဲ၌ ကျိန်းဝပ်၍ သန့်ရှင်းသော ဝိညာဉ်တော်၏ ဗိမာန်ဖြစ် ကြသည်ကိုငှ်း၊ မိမိကိုယ်ကိုမိမိ မပိုင်ကြောင်း ကိုငှ်း မသိကြသလော။ ၁ကော ၆း၁၉ လို့ဆိုထားပါတယ်။

ယနေ့ မိတ်ဆွေ နေထိုင်ရာ ကမ္ဘာကြီးကို မျက်စိနှင့် စေ့ကြည့်ပြီး နားစွင့်ကြည့်ရင် နောဧ လက်ထက်တုန်းကလို လူတိုင်း မိမိတို့နှစ်သက်ကြတဲ့ အကျင့်စရိုက်များ အတိုင်း စိတ်တိုင်းကျ အသက်ရှင်ပြီး နေထိုင်ကြသည်ကို သုံးသပ်ကြည့်လျှင် သခင်ယေရှု အမိန့်တော် ရှိတဲ့ စကားတစ်ခွန်းက 'ထိုနည်းတူ ထိုအကြောင်းအရာများ ဖြစ်သည်ကို မြင်ရလျှင် လူသားသည် တံခါးဝ တိုင်အောင် အနီးသို့ ရောက်တော်မူသည်ကို သိမှတ်ကြလော့။ မာ ၁၃း၂၇-၂၉ ဘဲ ဖြစ်ပါတယ်။

မိတ်ဆွေရဲ့ အသက်တာမှာ နေ့စဉ် သမုဒ္ဒရာ ဝမ်းတစ်ထွာ အတွက် ကြိုးစားပြီး ရှန်းကန်ကာ စားဝတ်နေရေးထဲမှာ လုံးချာလိုက်ပြီး အသက်ရှင်ရင် တစ်နေ့ပြီး တစ်နေ့အချိန်တွေ ကုန်လွန်ပြီး လူများအားလုံး အမှုမဲ့အမှတ်မဲ့ အသက်ရှင်ကြတဲ့ အချိန် မမျှော်လင့်သော တစ်နေ့မှာ နှုတ်ကပါတ်တော်က 'သခင်ဘုရားသည် ကြွေးကြော်ခြင်း၊ ကောင်းကင်တမန်မင်း အသံပေးခြင်း၊ ဘုရားသခင်၏ တံပိုးတော်ကို မှုတ်ခြင်းနှင့် တကွ၊ ကောင်းကင်ဘုံမှ ကိုယ်တိုင်ဆင်းသက်တော်မူ၍ ခရစ်တော်၌ သေလွန် သော သူတို့သည် အဦးထမြောက်လိမ့်မည်။ ထိုအခါ အသက်ရှင်၍ ကျန်ကြွင်းသော ငါတို့သည် အာကာသကောင်းကင်၌ ဘုရားသခင် အထံတော်သို့ ရောက်စေခြင်းငှါ ထိုသူတို့နှင့်တကွ မိုးတိမ်ပေါ်သို့ ချီဆောင်ခြင်းကို ခံရသောအားဖြင့် သခင် ဘုရားနှင့် အတူ အစဉ်မပြတ် နေကြလိမ့်မည်။ ၁သက် ၄း၁၆-၁၇ လို့ သတိပေး ပြန်ပါတယ်။

ဒီအဖြစ်အပျက်လေးကို ရင်ဆိုင်ရမယ့်အချိန်က သူငယ်ချင်းနဲ့ လမ်းလျှောက်ရင်း သူငယ်ချင်း ပျောက်သွားတာမျိုး၊ အတူအိပ်နေတဲ့ ခင်ပွန်းသည် ဇနီးသည် ပျောက်သွားတာမျိုး လျှပ်တစ်ပြက် အချိန်မှာဖြစ်မှာမို့ မိတ်ဆွေ မသိနိုင်ပါဘူး။ သခင် ပြန်လာရင် ဘယ်သူတွေဟာ အာကာသကောင်းကင်ယံ၌ ပါဝင်ရန်အတွက် ကျိန်းသေ တယ်ဆိုတာ ကိုယ်ကိုယ်တိုင်ဘဲ သိနိုင်ပါတယ်။ ချီဆောင်ခြင်း ခံရသူများကတော့ သခင် ဘုရားနဲ့အတူ ဘုန်းဝင်စားနိုင်ပါလိမ့်မယ်။ နှုတ်ကပါတ်တော်မှ 'သခင်၊ သခင်ဟု ငါ့ကို ခေါ်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည် မဟုတ်။ ကောင်းကင်ဘုံ၌ ရှိသော ငါ့ခမည်းတော်၏ အလိုကို ဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်။ မ ၇း၂၁

'ယေရှုကလည်း ဘုရားသခင် စေလွှတ်တော်မူသောသူကို ယုံကြည်ခြင်း အကျင့်ကား အလိုတော်နှင့် ညီသော အကျင့်တည်း ဟုမိန့်တော်မူ၏။' ယော ၆း၂၉

ခရစ်တော်၌ အိပ်ပျော်နေသောသူများဟာ မြေကြီးထဲ ထူးဆန်းသော မဖျက်ဆီး နိုင်တဲ့ ခန္ဓာကိုယ်နဲ့ ပြောင်းပြီး ချီဆောင်ခံမှာပါ။ အသက်ရှင်တဲ့ သူတွေကျတော့ သန့်ရှင်းသော ခန္ဓာပြောင်းပြီး ချီဆောင်ခံရမှာပါ။ သခင်ခရစ်တော်ကို မိမိရဲ့ ကယ်တင်ပိုင်ရှင် အနေနဲ့ လက်ခံတဲ့သူတိုင်းဟာ ချီဆောင်နေခြင်း ကာလမှာ မိတ်ဆွေ နေ့စဉ်မြင်တွေ့နေရတဲ့ တိမ်တိုက်တွေကြားထဲက ငှက်ကလေးလေးဟုန်စီးသလို အေးမြတဲ့ တိမ်တိုက်ရေခိုးရေငွေ့ကလေးများကို ရှုရှိုက်ရင်း ငြိမ့်ကနဲ၊ အေးကနဲ၊ အိကနဲ၊ ရိပ်ကနဲ ခံစားမှု ရသပေါင်းများစွာကို ခံစားရမယ့်အချိန်ကိုစဉ်းစားကြည့်၊ ဘယ်လောက်ကြည်နူးစရာနဲ့ ဘုရားသခင်ရဲ့ အကြံအစည်ဖြစ်ပြီး သူ့ရဲ့လက်ရာများကိုလည်း အားလုံး မြင်တွေ့ခံစားရမှာမို့ ချီးမွမ်းစရာအံ့သြ ၍မကုန်နိုင်အောင်ပါပဲ။

ချီဆောင်ခြင်းပြီး၍ ကမ္ဘာမြေကြီးပေါ်မှာ ကျန်ခဲ့တဲ့လူများကတော့ ယနေ့ရင်ဆိုင် ကြုံတွေ့ရတဲ့ အခက်အခဲများရဲ့ အဆပေါင်းများစွာသာလွန်တဲ့ ဘေးဒဏ်ကြီး ကာလကို ရင်ဆိုင်ရမှာဖြစ်တယ်။ စာတန်အုပ်စိုးသောအချိန်ဖြစ်ပါတယ်။ ပထမတော့ အစာ ရေစာများ ရှိဦးမှာဖြစ်ပြီး တဖြည်းဖြည်းကျပ်တည်းလာကာ ၆၆၆ တံဆိပ်နှိပ်ခံရမှ နဖူးမှာ ရိုက်နှိပ်ခံရမှ ဈေးဝယ်လို့ရပြီး တံဆိပ်အနှိပ်မခံရင်တော့ဈေးဝယ်လို့မရ ဘာမှ လုပ်လို့မရနဲ့ အဲဒီအချိန်မှ တရားဟောသောသူရဲ့ စကားကို ကြားပြီး တံဆိပ်အနှိပ်မခံ ခရစ်တော်ကို လက်ခံတဲ့သူကတော့ နှုတ်ကပါတ်တော်က 'သင်သည် ခံရမည့်အရာ တစ်စုံတစ်ခုကိုမျှ မကြောက်နှင့်။ သင်တို့သည် စုံစမ်းခြင်းကို ခံရမည်အကြောင်း မာရ်နတ်သည် သင်တို့တွင် အချို့ကိုထောင်ထဲ၌လှောင်ထား၍ သင်တို့သည် ၁၀ ရက်ပတ်လုံး ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်။ သေသည့်တိုင်အောင် သစ္စာစောင့်လော့၊ သို့ပြုလျှင် အသက်သရဖူကို ငါပေးမည်။' ဗျာ ၂း၁၀ ဟုဆိုထားပါတယ်။

ခရစ်ယာန်များကို နည်းမျိုးစုံ နှိပ်စက်ညှင်းပန်းမယ့် အချိန်လည်း ဖြစ်ပါတယ်။ နှုတ်ကပါတ်တော်က သားရဲနှင့်သူ၏ ရုပ်တုကို မကိုးကွယ်၊ သူ၏ တံဆိပ်လက်မှတ်ကို နဖူး၌ မခံ၊ လက်၌မခံပဲနေ၍ ယေရှု၏ သက်သေခံတော်မူချက်နှင့် ဘုရား သခင်၏ နှုတ်ကပါတ်တော်ကြောင့် လည်ပင်းဖြတ်ခြင်းကို ခံရသောသူတို့၏ ဝိညာဉ်များကို ငါမြင်၏။ သူတို့သည် အသက်ရှင်၍ အနှစ်တစ်ထောင်ပတ်လုံး ခရစ်တော်နှင့် အတူ စိုးစံရ ကြ၏။

ချစ်သောမိတ်ဆွေရဲ့ အသက်တာမှာ ခရစ်တော်ကို လက်ခံဖို့ အတွက် အချိန် ၂ မျိုး ရှိပါတယ်။ ချီဆောင်ခြင်းလို့ခေါ်တဲ့ ကျေးဇူးတော် ကာလ ယခုအချိန်မှာလား၊ ဘေးဒဏ်ကြီး ကာလ မှာလား၊ ဘယ်ကာလမှာ ပါဝင်လဲ ဆိုတာကို ကိုယ့်ရဲ့ အသက်တာကို စမ်းစစ်ကြည့်ပါ။ ရွေးချယ်ပါ။ ကျေးဇူးတော်ကြောင့် ချီဆောင်ခြင်း ကာလမှာ ပါဝင်သူများအတွက်ကတော့ နှုတ်ကပါတ် တော်ကဒီလိုပါ။ ဗျာ၂၀း၁၂

အသက်စာစောင် သခင်ယေရှုကို ကယ်တင်ပိုင်ရှင်အနေနဲ့လက်ခံရင် ဖေက် ၁း၁၃။ အခြားစာစောင်ကတော့ မိမိနေ့စဉ်အသက်ရှင်မှုအပေါ်မှာ ရေးမှတ်ထားမှာ ဖြစ်ပါတယ်။ ဘုရားသခင်ပေးသော ကယ်တင်ခြင်း၊ ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ကျန်းမာခြင်း အဖြာဖြာတို့နှင့် ကောင်းကြီးမင်္ဂလာများစွာ ကြွယ်ဝပြည့်စုံစွာ ပိုင်ဆိုင်မှုများကိုခံစားရပါစေ။

ခရစ်တော်ပြန်လာမယ့်ရက်ကိုစောင့်မျှော်လျက် – မာရာနသာ နီနီခိုင်



---

## သက်သေခံချက် ရွှေသဇင်

ဘုရားသခင်ဟာ ကောင်းမြတ်ပါတယ်။ ဒီကြွေးကြော်ချက်ဟာ ကျွန်မ အသက်တာမှာ တကယ်ပင် အံ့သြဘွယ်ရာဖြစ်ကြောင်း သက်သေခံလိုပါတယ်။ မိုးပြင်းထန် စွာရွာသွန်းပြီး လေတွေ တအားတိုက်တဲ့တစ်နေ့။ ကျွန်မ အပြေးအလွှား အိမ်အပေါ်ထပ်ကို ပြေး တက်ပြီး ပြူတင်းတံခါးတွေကို လိုက်ပိတ်တဲ့အချိန်မှာ မိုးရေ စိုနေတဲ့ တမံသလင်းကို တက်နင်း မိပြီး ချော်လဲကျသွားပါတယ်။ နောက်ပြန်လဲကျတာ ဖြစ်တဲ့အတွက် ခေါင်းနဲ့ သမံသလင်း ရိုက်မိပြီး ခေါင်း မိုက်ကနဲ ဖြစ်ကာ သတိမေ့သွားပါတယ်။ ကျွန်မ မျက်လုံးတွေ ပြန်ဖွင့်တဲ့ အခါ ခေါင်းနဲ့ ကျောပြင် တစ်ခုလုံး နာကျင်နေပါတယ်။ ဘယ်သူမှလဲ အိမ်မှာ မရှိဘူး။ ဒါနဲ့ ကျွန်မ သတိရတဲ့ ကျမ်းပိုဒ်တွေကို ရွတ်ဆိုပါတယ်။ အို ငါ့ဝိညာဉ် ထာဝရဘုရား ကို ကောင်းကြီးပေးလော့။ ငါ့အထဲမှာ ရှိသမျှတို့ ထာဝရဘုရားကို ကောင်းကြီးပေးလော့။ သင်၏အပြစ်အလုံးစုံကို ဖြေလွှတ်၍ သင်၏ အနာရောဂါ ရှိသမျှကို ပျောက်ကင်းစေတော်မူမည်။ ဆိုတဲ့ ရသမျှ ကျမ်းစာကို အခေါက်ခေါက် အခါခါ ရေရွတ် နေမိပါတယ်။

မြန်မာပြည်အိမ်မှာတုံးက အဖိုးပြောပြတာ မှတ်မိတယ်။ ကျမ်းစာဟာ တန်ခိုး ရှိတယ်တဲ့ အရေးကြုံရင် နှုတ်ကပါတ်တော်နဲ့ ခွန်အားယူရင် ဘုရားသခင်က ကယ်လွှတ် ပေးနိုင်ကြောင်း ကျွန်မ ကိုယ်တွေ့ သက်သေခံလိုက်ပါတယ်။ ည ၁၀နာရီ အချိန် မှာ ဘုရားကျောင်းက ဆရာက ဖုန်းနဲ့ ဆုတောင်းပေးပါတယ်။ ကျွန်မ ခေါင်းမှာ ဘုကြီးနဲ့ အကြီးကြီး ယောင်နေပေမဲ့ ဦးနှောက် အာရုံတွေ ဘာမှ မထိခိုက်ဘဲ အလုပ် ကောင်းကောင်း မွန်မွန် ဆက်လုပ်နိုင်ခဲ့ပါတယ်။ တိုတောင်းတဲ့ အချိန်လေးမှာ ဘုရား သခင်က နှုတ်ကပါတ်တော်ကို အလွတ်ကျက်မှတ်ဖို့ သွန်သင်ပြီး အနာရောဂါက ကယ်တင်တဲ့အတွက် ကျေးဇူးတော် ချီးမွမ်းပါတယ်။ ။ ရွှေသဇင် (ခေတ္တစင်ကာပူ)

---

## ရယ်စရာကောင်းသောဆုတောင်းချက်များ (မင်းအောင်သက်လွင်)



ကျွန်တော့် တူလေး တစ်ယောက်က ဂေါက်ကွင်း သွားချင်လို့ ဆိုပြီး သူ့အမေကို ပူဆာပါတယ်။ အမေ လုပ်သူက အပြင်ခန သွားတယ်။ သူပြန်လာတဲ့ အချိန် မိုးမရွာရင် ဂေါက်ကွင်းလိုက်ပို့ ပေးမယ်လို့ပြောတယ်။ တူလေးက ပြူတင်းပေါက်ကနေ အပြင်

ကောင်းကင်ပေါ်ကို ခနခန မော့ကြည့်နေတယ်။ ပါးစပ်ကလဲ တတွတ်တွတ် ရွတ်နေတယ်။ ခနနေ အိမ်ရှေ့မှာ ကားရပ်သံကြားတယ်။ သူ့အမေ ပြန်လာပြီ။ မိုး လုံးဝ မရွာပါဘူး ။ တူလေး ဝမ်းသာအားရနဲ့ “ဟေး သား ဆုတောင်းတာ ဘုရားသခင်က မိုး ပေးမရွာဘူး၊ ဂေါက်ကွင်း သွားရတော့မယ်ကွ” လို့ ထအော်လိုက်ပါတယ်။ ကျွန်တော့်လို လူကြီး အနေနဲ့ ဒီလို ရူးတူးတူး ပေါတောတော နိုင်တဲ့ ဆုတောင်းချက်ကို ကလေးကလား ဆန်ဆန် ရယ်စရာကောင်းသော ဆုတောင်း ချက်လို့ ထင်ခဲ့မိပါတယ်။



ကမ္ဘာ့လက်ဝှေ့အကျော်အမော် မိုက်တိုင်ဆန် နာမည်ကြီးတုံးက သူ့ရဲ့ ပြိုင်ဘက် ဟိုလီးဖီးလ် နဲ့ တစ်ရက်မှာ စိန်ခေါ်ပွဲ လက်ဝှေ့ထိုးရပါတယ်။ စင်ကာပူမှာ ကျောင်းတက်နေတဲ့ မြန်မာ ကျောင်း သားလေး တစ်ယောက်က ဟိုလီးဖီးလ်ကို နိုင် စေချင်ပါတယ်။ သူ့ သူငယ်ချင်းက မိုက်တိုင်ဆန် ကို နိုင်စေချင်ပါတယ်။ လောင်းကြေး များများနဲ့ သူငယ်ချင်း နှစ်ယောက် လောင်း ကစားတာ မဟုတ် ပေမဲ့ ကလေး သဘာဝ ကိုယ်အားပေးတဲ့ သူကို နိုင်စေချင်ကြပါတယ်။ မြန်မာကောင်လေးက ဗုဒ္ဓဟူးနေ့ည အသင်းတော် ဝတ်ပြု ဆုတောင်းစည်းဝေးမှာ အသင်း လူကြီး တွေကို ဟိုးလီးဖီး က မိုက်တိုင်ဆန်ကို အနိုင်ရဖို့ ဆုတောင်း ခိုင်းပါတယ်။

အသင်းလူကြီးတွေ တော်တော် ခေါင်းစား သွားပါတယ်။ မိုက်တိုင်ဆန် ဆိုတာ ရှုံးပွဲမရှိ အောင်ပွဲခံနေတဲ့ ကမ္ဘာ့ လက်ဝှေ့ အကျော်အမော်ပါ၊ မိုက်တိုင်ဆန် ရှုံးဖို့ ဆုတောင်းခိုင်းတာက မြန်မာ တိုင်းရင်းသား အလယ်တန်း ကျောင်းသား လေးပါ။ တော်တော့်ကို ရူးတူးတူး ပေါတောတော နိုင်တဲ့ ဆုတောင်းချက်ပါ။ နောက်ဆုံးတော့ အသင်းတော် လူကြီး တွေက ကလေး အလိုကျ ဆုတောင်း ပေးလိုက် ကြပါတယ်။ အံ့သြဖို့ သိပ် ကောင်းပါတယ်။ နောက်နေ့ မနက် သတင်းစာမှာ ကမ္ဘာ့ လက်ဝှေ့ကျော် မိုက်တိုင်ဆန် ရှုံးတဲ့ သတင်း ထွက်ပေါ်လာခဲ့ပါတယ်။

အသက် ၄၀ကျော် မနန်စီဆိုတဲ့ မြစ်ဝကျွန်း ပေါ်က အစ်မကြီး တစ်ယောက် စင်ကာပူမှာ အလုပ် လာလုပ်ပါတယ်။ အသင်းတော်မှာ သူဟာ နေရာတိုင်း လိုလိုမှာ တက်ကြွစွာ ပါဝင်အသုံးတော်ခံ ဆက်ကပ်တာကို တွေ့ရပါတယ်။ တစ်နေ့ အသင်းတော် လူငယ် ဝတ်ပြု စည်းဝေးပြီးသွားလို့ ခေါင်းဆောင်စည်းဝေး လုပ်ချိန်မှာ အထူး ဆုတောင်း ပွဲလေးလုပ်တာ့ သူက ဆုတောင်းချက်လေး တစ်ခု တင်ပါ တယ်။ မနန်စီက ဘာကို ဆုတောင်း ခိုင်းသလဲဆိုတော့ မြန်မာပြည် မြစ်ဝကျွန်းပေါ်မှာ ရှိတဲ့ သူ့အိမ်က မွေးထား တဲ့ ဝက်ကလေး နေမကောင်းဘူး၊ ဒါ့ကြောင့် သူ့ဝက်ကလေး နေပြန်ကောင်းလာဖို့ ဆုတောင်းခိုင်းပါတယ်။ မနန်စီက စင်ကာပူ မှာပါ။ သူ့ဝက်ကလေးက မြန်မာပြည် မြစ်ဝကျွန်းပေါ်က ရွာကြီးတစ်ရွာရဲ့ အိမ်အောက် တိုင်ခြေရင်းမှာ ကြိုးနဲ့ ချည်ထားတာ ဖြစ်ပါတယ်။ လသား အရွယ် ဝက်ငယ်ငယ် ကလေး နေကောင်းဖို့ စင်ကာပူ မြန်မာ အသင်းတော်မှာ ရှိတဲ့ အသင်းတော် လူငယ် ခေါင်းဆောင်တွေကို ဆုတောင်းခိုင်းပါတယ်။



သူ့ဆုတောင်းချက်က နည်းနည်းများ ရူးတူးတူး ပေါတောတောနဲ့ ရယ်စရာ ကောင်းနေ မလားဘဲ၊ လူငယ် ခေါင်းဆောင်တွေ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်၊ ခေါင်းကုတ်ပြီးတော့ ဆုတောင်း ပေးရမလို မတောင်း ပေးရမလို ဖြစ်နေ ကြပါတယ်၊ မျက်လုံးလေး ကလယ် ကလယ် ဖြစ်နေတဲ့ မနန်စီကို အားနာလို့ သူ့ အလိုကျ တောင်း ပေးလိုက် ကြပါတယ်။ ဆုသာ တောင်း ပေးလိုက်ပါတယ်။ ဘယ်သူကမှ အစ်မ နန်စီ ဝက်ကလေး နေကောင်း သွားပြီ လားလို့ နောက်နေ့ တွေမှာ စကား မေးဖော် မရပါဘူး၊ မေးဖို့ သတိ မရကြပါဘူး။

ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ အတွက် ဒါဟာ ရယ်စရာကောင်းတဲ့ ဆုတောင်းချက် ဖြစ်နေလို့ပါဘဲ။ ဝက် နေကောင်းကောင်း၊ မကောင်းကောင်း အရေး မကြီးလို့ ဘယ်သူမှ ကရုမစိုက် ကြပါဘူး။ နှစ်တွေ တော်တော်ကြာခဲ့ပါတယ်။ မနန်စီလဲ စင်ကာပူမှာ အလုပ် ဆက် မလုပ်တော့ဘဲ မြန်မာပြည်ကို အပြီး ပြန်သွားသလို ဆုတောင်း ပေးကြတဲ့ လူငယ် ခေါင်းဆောင် တွေလဲ တကွဲတပြားနဲ့ ဖြစ်သွားခဲ့ကြပါပြီ။

မမျှော်လင့်တဲ့ တစ်နေ့မှာ ကျွန်တော်လဲ မြန်မာပြည်ကို ခန အလည် ပြန်နေတုံး မနန်စီကို အင်းစိန် ယိုးဒယားဈေးထဲမှာ သွားတွေ့ပါတယ်။ သူနဲ့ ကျွန်တော် မတွေ့ဖြစ်တာ ၈ နှစ်လောက် ကြာခဲ့ပါပြီ။ သူလဲ မြစ်ဝကျွန်းပေါ် ရွာကလေး ကနေ အင်းစိန်ကို ခန အလည်လာချိန် ကျွန်တော်လဲ စင်ကာပူကနေ နေရင်းမြို့ဖြစ်တဲ့ အင်းစိန်ကို ခန အလည် ပြန်လာချိန်မှာ မမျှော်လင့်ဘဲ အင်းစိန်က ညစ်ညစ်ပတ်ပတ် ရိုးရိုးသားသား ရပ်ကွက်ဈေးဖြစ်တဲ့ ယိုးဒယား ဈေးလေးထဲမှာ တွေ့ကြတော့ မာကြောင်း သာကြောင်း ပြောရင်း ကျွန်တော်က “ အစ်မ နန်စီ ဟိုတစ်ခါတုံးက စင်ကာပူမှာ ကျွန်တော်တို့ ဆုတောင်းပေးခဲ့တဲ့ ဝက်လေး နေပြန်ကောင်း သွားလား” လို့ အမှတ်တရ ပြန်မေးမိပါတယ်။ နှစ်တော်တော် ကြာနေခဲ့ပေမဲ့ သူရော ကျွန်တော်ပါ ပြန်မှတ်မိ နေပါတယ်။ မနန်စီက “အေး နေကောင်းသွားတယ်၊ အဲဒီနှစ်က ခရစ္စမတ်မှာ အဲဒီ ဝက်ကို ပေါ်ရောင်း လိုက်တာ ပိဿာချိန် တော်တော် ရလိုက်တယ်၊ လိုတဲ့ ငွေထက် ပိုရလို့ ဆန်းဒေးလ် စကူးလ် ကလေးတွေအတွက် လက်ဆောင် ပစ္စည်း တော်တော် များများ ဝယ်လိုက်နိုင်တယ်” လို့ ဝမ်းသာ အားရ ပြန်ပြောပါတယ်။

ဘုရားသခင်ဟာ သူ့သားသမီးတွေအားလုံးရဲ့ ဆုတောင်းချက် အားလုံးကို နားထောင် ပါတယ်။ အသင်းတော်တွေ၊ အဖွဲ့အစည်းတွေ၊ ဂိုဏ်းဂနတွေ၊ အသင်းအဖွဲ့ တွေရဲ့ မဟာ့ မဟာ စီမံကိန်း၊ စူပါ ပရော့ဂျက်၊ အရေးပေါ် ဆွေးနွေးချက် ဆုတောင်းချက် တွေကို နားညောင်းသလို ရူးတူးတူး ပေါတောတော ဆန်တယ်လို့ ထင်ရတဲ့၊ အရေး မပါဘူးလို့ မြင်ရတဲ့ ရယ်စရာကောင်းတဲ့ သာမန် ဆုတောင်းချက်လေးတွေကိုလဲ နားညောင်း အဖြေ ပေးပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဘုရားသခင်သည် ဘက် မလိုက်သော ဘုရား၊ မေတ္တာ တော်ရှင် ဖြစ်သောကြောင့်ပါ။ ဆုတောင်းပြည့်ဖို့ဆိုတာက ဆုတောင်းချက်က အရေး မကြီးပါ။ ဆုတောင်းသူရဲ့ အာဘောင်အာရင်းသန်မှု၊ စကားလုံး အသုံးအနှုန်း ကြွယ်ဝ လှပမှု၊ ဂုဏ်ရှိန်အာဏာ ကြီးမားမှုက အရာ မရောက်ပါ။ ဆုတောင်းခံသူရဲ့ စိတ်နေသဘောထားနဲ့ ယုံကြည်ခြင်းသာ အရေး ကြီးပါတယ်။ ဆုတောင်းချက်က တစ်ခါ တစ်လေမှာ ရယ်စရာ ကောင်းနေပေမဲ့ ဆုပေးမဲ့ ဘုရားက ရယ်စရာကောင်းတဲ့ ဘုရား မဟုတ်ပါဘူး။ မဿဲ ၇း၁၁၊ သင်တို့သည် အဆိုး ဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်း သော အရာကို ပေးတတ်လျှင် ထိုမျှ မက ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့ အဘသည် ဆုတောင်းသော သူတို့အား ကောင်းသော အရာကို သာ၍ ပေးတော်မူမည် မဟုတ်လော။ **မင်းအောင်သက်လွင်**

---

**ရောပြွမ်းရှုပ်ထွေးသောဩဝါဒများ** *(ကာတွန်း - မင်းအောင်သက်လွင်)*

**အဓိပ္ပါယ်ဖွင့်ဆိုချက် - ဟိုဆရာက တစ်မျိုး၊ ဒီ ဆရာက တစ်ဖုံ။ ထင်ရာမြင်ရာ သွန်သင်ချက် တွေကြားမှာ ဩဝါဒတွေ ရောထွေးပြီး ဗျာများသွားတဲ့ တပည့် ကျော်နဲ့ ကိုယ့် အတတ် ကိုယ်စူးတဲ့ ဆရာနှစ်ယောက်ကို ပုံဖော်ထားတာပါ။**




မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြီစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076
E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))
((သခင့်စကားစာစောင်ကို www.jbcs.org.sg တွင် အခမဲ့ဖတ်ရှုနိုင်ပါသည်))
မင်း အောင် သက် လွင် မှ စဥ် ယူ တ် ဝေ သည်



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၁ နိုဝင်ဘာလ ၂၀၁၀ ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။